မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၃၈)၊ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ၁၁-၁၁-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့် ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၀

အခြေခံပညာ အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပ ပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဒုတိယ သမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

လွှတ်တော် လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်စည်းကမ်းများ နိုင်ငံတကာစံနှုန်းနှင့်အညီ ကျင့်သုံးနိုင်ရေး ရှင်းလင်းတင်ပြ

စာမျက်နှာ » ၆

ကိုယ်ပိုင်ခြံထွက် ကော်ဖီသီးမှ အိမ်တွင် ကော်ဖီမှုန့်ထုတ်လုပ်နိုင်မည့် အဆင့် ခုနစ်ဆင့်

မန္တလေး နိုဝင်ဘာ ၁၀

ကိုယ်ပိုင်ခြံမှ ထွက်ရှိသည့် ကော်ဖီသီးများကို အခြောက်လှန်းကာ ကော်ဖီစေ့ (Green Bean) ထုတ်လုပ်ပြီး အိမ်တွင် ကိုယ်တိုင်လှော်၊ ကြိတ်၍ သောက်သုံးနိုင်မည့် Natural Process (Dry Process) နည်းလမ်းကို မျှဝေထားသည်။



ကိုယ်ပိုင်ခြံထွက် ကော်ဖီသီးများကို အိမ်တွင် အဆင့်ဆင့် ပြုပြင်ထုတ်လုပ်၍ ကော်ဖီမှုန့် အဖြစ် ကြိတ်ခွဲသောက်သုံးလိုသူများအတွက် စက်ပစ္စည်းအများအပြား မလိုအပ်သည့် အဆိုပါ နည်းလမ်းတွင် အဆင့် ခုနစ်ဆင့် ပါဝင်သည်။

ပထမအဆင့်အနေဖြင့် အနီရောင်ရင့်မှည့်နေသည့် ကော်ဖီသီးများကို ရွေးချယ်ခူးဆွတ်ပြီး မမှည့်သေးသည့်အသီးနှင့် ပုပ်သိုးနေသည့်အသီးများကို ဖယ်ရှားရမည်ဖြစ်သည်။

ဒုတိယအဆင့်တွင် ကော်ဖီသီးများကို ရေဆေးသန့်စင်ပြီး ဆန်ခါ(သို့မဟုတ်)အခြောက်ခံစင်ပေါ်တွင် အသီးအလုံးလိုက် နေလှန်းရမည်ဖြစ်ကာ အခြောက်ခံစဉ် မကြာခဏ လှန်ပေးရန်နှင့် မိုးရေ၊ ညအချိန်နှင်းငွေ့တို့ မထိတွေ့စေရန် ဂရုစိုက်ရမည်ဖြစ်သည်။ အစေ့အတွင်း အစိုဓာတ် ၁၀ မှ ၁၂ ရာခိုင်နှုန်းခန့်အထိ

စာမျက်နှာ ၆ သို့ ❖

လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူ သတိပေးပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်ကရန်ကုန်မြို့ရှိ ဂျာမနီသံရုံး ယာယီတာဝန်ခံ မစ္စတာ မာသီးရက်စ် လေရှာ့စ်အား ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံ၍ ဂျာမနီသံရုံး၏ လူမှုကွန်ရက်စာမျက်နှာ၌ နိုဝင်ဘာ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော သံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ ခေါ်ယူ သတိပေးပြောကြားခဲ့ပြီး သတိထောက်လွှာ ပေးအပ်ခဲ့သည်။

စာမျက်နှာ ၄ သို့ ❖

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများ တွေ့ဆုံမှုကြောင့် ယနေ့ညမှ နိုဝင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသောလေအေးများ တွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ အထူး မိုးလေဝသသတင်းနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

မိုး/ဇလ



၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာ ၁၁ ရက် ၊ ဗုဒ္ဓဟူးနေ့။

သာယာမှုအပေါင်းခညောင်းသည့် တန်ဆောင်မုန်းလ

မြန်မာလဆယ့်နှစ်လတွင်တန်ဆောင်မုန်းလသည် အဌမမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလတွင် ခဝဲပန်းများက ရာသီပန်းဖြစ်ပြီး တစ်လလုံးပွင့်လေ့ရှိသည်။ တန်ဆောင်မုန်းလသည် ဆောင်းဥတုအစဖြစ်သော်လည်း တစ်ခါတစ်ရံ မိုးတစ်ပြိုက် နှစ်ပြိုက် ရွာတတ်သေးသည့်လလည်းဖြစ်သည်။ ဆီးနှင်းတစ်သိုက်၊ မိုးတစ်ပြိုက် ဖြစ်စေသောလဟု ဆိုရမည်ဖြစ်သည်။

တန်ဆောင်မုန်းလတွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာ ယုံကြည်မှုများစွာရှိကြသည်။ ဘာသာရေးဆိုင်ရာ ထင်ရှားသောပွဲတော်မှာ ကထိန်ပွဲပင်ဖြစ်သည်။ "ကထိန် အာနိသင်ငါးပါးမြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူပွဲ"ဖြစ်သည်။ "ဘုရားမှာ စိန်၊ကျောင်းမှာ သိမ်၊သင်္ကန်းမှာ ကထိန်"ဟူသော ရှေးမြန်မာတို့၏ ဆိုစကားအရ သင်္ကန်းတကာ့ သင်္ကန်းတွင် ကထိန်သင်္ကန်းကပ်လှူခြင်းသည် အမြတ်ဆုံးဖြစ်သည်။

ကထိန်သင်္ကန်းကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှတန်ဆောင်မုန်းလပြည့်အထိ တစ်လအတွင်း ကပ်လှူကြရသည်။ ကထိန်သည် ကထိနဟူသော ပါဠိစကားမှ ဆင်းသက်၍ ခိုင်ခံ့မြဲမြံသောကြောင့် ကထိန်ဟုခေါ်ကြောင်း ဖွင့်ဆိုထားပါသည်။ ကထိန်ခင်းသည့် အစဉ်အလာသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ရှိခဲ့သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ သံဃာအားလှူဒါန်းသော ကထိန်သင်္ကန်းကို သင်္ကန်းမရှိသည့်ရဟန်းအားဦးစားပေး ရွေးချယ်လှူဒါန်းခြင်းလည်းဖြစ်ပေသည်။ ရဟန်းအားလုံးသင်္ကန်းများ ပြည့်စုံလျှင် ဝါအကြီးဆုံး မထေရ်ကို ပေးလှူရသည်။ သိမ်ဝင်၍ ဥတ်ကမ္မဝါဖတ်ပြီး ကထိန်ခံထိုက်သော ရဟန်းကို ပေးရသည့်အတွက် ကထိန်သင်္ကန်းကို "ဥတ်သင်္ကန်း" ဟုခေါ်သည်။

ထို့အပြင်တန်ဆောင်မုန်းလပြည့်မတိုင်မီ အဖိတ်နေ့ညတွင်လည်း သင်္ကန်းကို အစုအဖွဲ့များဖြင့် တစ်ညလုံးအပြိုင်ရက်လုပ်ကြသည့်"မသိုး သင်္ကန်းရက်ပြိုင်ပွဲ"ကိုလည်း ကျင်းပကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ထုံးတမ်းအစဉ်အလာများဖြစ်သည်။ ထူးခြားသည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းပြိုင်ပွဲများကို မြန်မာပြည်အနှံ့အပြားကျင်းပလေ့ရှိရာ ကမ္ဘာတွင်အမြင့်ဆုံး ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ကျင်းပသည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

တန်ဆောင်မုန်းလသည် ကောင်းကင်ယံ၌ နက္ခတ်တာရာတို့ စုံလင်သောလလည်းဖြစ်သည်။ ထို့ကြောင့် လပြည့်နေ့ညတွင် မယ်ဇလီဖူးကို သုပ်စားပါက ဆေးဖက်ဝင်ပြီး ဆေးပေါင်းခသည်ဟူသော ရှေးမြန်မာတို့၏ ယုံကြည်ချက်မှာလည်း ယနေ့တိုင်စွဲကျန်နေသည်။

တန်ဆောင်မုန်းလ၏ မီးထွန်းပွဲတော်မှာ တစ်မူထူးခြားလှသည်။ တန်ဆောင်မုန်းလ၏ ရာသီမှာဗြိစ္ဆာရာသီဖြစ်ပြီး ယင်းရာသီ၏နက္ခမှာ ကင်းမလက်မည်းရုပ်ဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ရပ်ကွက်များရှိလမ်းများတွင် မိမိတို့အစီအစဉ်ဖြင့် ဆီမီးများ၊ ရောင်စုံမီးပုံးများ၊ လျှပ်စစ်အလှဆင်မီးများဖြင့် ယနေ့တိုင်ထွန်းညှိဆင်နွဲလေ့ရှိသည်။ တန်ဆောင်မုန်းလတွင် မြတ်နိုးဖွယ်ရာ ဓလေ့အစဉ်အလာများမှာများပြားလှသည်။ ထိုအထဲတွင် ပံ့သကူပစ်ပွဲသည်လည်း ပါဝင်သည်။

သို့ဖြစ်ရာတန်ဆောင်မုန်းလသည် ယဉ်ကျေးမှုအစဉ်အလာများဖြင့် ဂုဏ်မြှင့်ပေးလျက်ရှိပြီးဘာသာယဉ်ကျေးမှုကို ရှင်သန်အောင်လှုံ့ဆော်ပေးလျက်ရှိသောကြောင့် သာယာမှုအပေါင်းခညောင်းသည့်တန်ဆောင်မုန်းလဟု ရေးသားလိုက်ရပေသည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မန်းရွှေဝိဇူရဇာတ်တော်ကြီး ကပြဖျော်ဖြေမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒါရိုက်တာ ကိုရွှေသက်(MCDC)၏ မန်းရွှေဝိဇူရအဖွဲ့ကြီးက ဝိဇူရဇာတ်တော်ကြီးဖြင့် အဖွဲ့လိုက် ဒုတိယငွေတံဆိပ်ဆုနှင့်တစ်ဦးချင်း ထူးချွန်ရွှေတံဆိပ်(၅)ဆုအပါအဝင် ထူးချွန်ဆုများရရှိခဲ့ပါသည်။

အဆိုပါ ပြိုင်ပွဲတွင် ရရှိခဲ့သော ဆုများမှာ-

-ဇာတ်ညွှန်းအကောင်းဆုံးဆု	-	ပန်တျာဦးသန်းအောင်(မန်း)
-ဝိဇူရမင်းသားအကောင်းဆုံးဆု	-	ပိုင်ထက်ဝေ
-ပုဏ္ဏကအကောင်းဆုံးဆု	-	ပန်တျာဝေယံဦး
-နှစ်ပါးသွားအကောင်းဆုံးဆု	-	ပိုင်ထက်ဝေ၊ ယမင်းအောင်၊ ကေတုမတီဘိုမ၊ ယွန်းသံစဉ်။
-ဂီတမှူးဇာတ်ပို့ဆိုင်းအကောင်းဆုံးဆု	-	ဂီတမဏ္ဍိုင်သားဗိုလ်နိုင်တို့သည် ဆုတံဆိပ်များဖြင့်

မန္တလေးတိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ်အောင်မြင်မှုများ ရရှိခဲ့သည့် မန်းရွှေဝိဇူရအဖွဲ့ကြီး၏ ဝိဇူရဇာတ်တော်ကြီးကို မန္တလေးမြို့တော်သူ၊ မြို့တော်သားများ ကြည့်ရှုခံစားနိုင်ရန် ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး သီတဂူမောင်မောင် YouTube Channel မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

နေ့ရက်	-	(၁၁-၁၁-၂၀၂၆)၊ (၁၂-၁၁-၂၀၂၆) ရက် ၁၃၈၈ ခုနှစ်-တန်ဆောင်မုန်းလဆန်း(၂၊ ၃)ရက်
အချိန်	-	ညနေ(၆း၀၀)နာရီ
နေရာ	-	မန္တလေးမြို့၊ ကျောက်တော်ကြီးဘုရားအနီး၊ မြို့ရွှေမန်းသားဖိုးချစ်ဇာတ်ရုံ။

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) (ဒုတိယနေ့) ဆက်လက်ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၀

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အရေးပေါ်အစည်းအဝေး (၁/ ၂၀၂၆) (ဒုတိယနေ့)ကို ၁၀.၁၁.၂၀၂၆ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် ၈ ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၆၇ ဦး တက်ရောက်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုသော "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး"၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောတူညီသည့်အတွက် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အဖြစ် ဒေါ်မြတ်သီတာအောင်အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ "စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ"မှ "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ" အဖြစ်လည်းကောင်း၊ "ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ" မှ "လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီ"အဖြစ်လည်းကောင်း အမည်ပြောင်းလဲခြင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပြောင်းလဲခြင်း၊ လုပ်ငန်းတာဝန်များ ပြင်ဆင်ခြင်း တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောတူညီသည့်အတွက် အတည်ပြုကြောင်း ကြေညာခဲ့သည်။



မန္တလေးတိုင်းဒေသကြီး လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) (ဒုတိယနေ့) ကို နံနက် ၁၀ နာရီ ၁၀မိနစ်တွင် ရပ်နားခဲ့ကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ကို ၁၂.၁၁.၂၀၂၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တာဝန်ရှိသူများ၊ ဘင်ခရာအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

- ❖ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားရန်လို
- ❖ အာကာသနှင့်ပတ်သက်သည့် ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့် ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ်လူငယ်မောင်မယ်များ သိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ် အဆင့်မြှင့်တင် လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှု မြင့်တက်လာစေရေးဆောင်ရွက်သွားကြရမည်ဖြစ်

☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသ အေဂျင်စီအမှုဆောင်အရာရှိချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အာကာသသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာအာကာသ အေဂျင်စီနှင့် အာကာသသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ သို့ ရောက်ရှိလာရာ တာဝန်ရှိသူများ၊ ဘင်ခရာအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက အခြေခံပညာအဆင့်အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများဖွင့်ပွဲ အခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် အာကာသနည်းပညာဆိုင်ရာ ပြခန်းများဖြစ်သည့် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သချာပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသ စူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသောအာကာသ စူးစမ်းလေ့လာရေး သုတေသန ပြခန်းတို့အတွင်း ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာရာ ပြခန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာ ပြခန်းအား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းသား ကျောင်းသူလေးများ၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို ကြည့်ရှုအားပေးစဉ်။

လိုအပ်သည့်အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရန်နှင့် အကျိုးရှိအောင်အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့် သီးနှံအခြေအနေကို သိရှိပြီး အချိန်မီစီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ် ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ်သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိအသုံးချဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုကဲ့သို့အာကာသနှင့်ပတ်သက်သည့် ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့် ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ်လူငယ်မောင်မယ်များ သိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ် အဆင့်မြှင့်တင် လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှု မြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူလေးများ၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၄ သို့ ☆



☆ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ယခင်ပြီးခဲ့ပွဲ၌ ဆုရရှိခဲ့သည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာလက်ရာများ ခင်းကျင်းပြသထားရှိရှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတကကျောင်းသားကျောင်းသူလူငယ်မောင်မယ်လေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို နေပြည်တော်ကောင်စီနှင့် မြန်မာ့အာကာသအေဂျင်စီတို့က ကြီးမှူး၍ အနာဂတ် မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲများကို အခြေခံပညာမူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် ယနေ့တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ “လူသားနှင့် အနာဂတ်အာကာသ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၌ “အသုံးချလေ့လာအာကာသ နည်းပညာ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၂ ရက်တွင်လည်းကောင်း ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စက်ရုပ်နည်းပညာပြခန်းအား ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်းအား ကြည့်ရှုလေ့လာစဉ်။

✻ လူမှုမီဒီယာမှ

ထိုသို့ ခေါ်ယူတွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဂျာမနီနိုင်ငံသည် ဦးစီမာသည့် ဒီမိုကရေစီစနစ်ရှိသဖြင့် သံရုံးယာယီတာဝန်ခံအနေဖြင့် နိုင်ငံကြီးသားပီသစွာဖြင့် သံတမန်လုပ်ငန်းများကို လုပ်ဆောင်မည်ဟု မျှော်လင့်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတာဝန်ယူနေပြီ ဖြစ်ကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ပြောကြားချက်သည် အိမ်ရှင်နိုင်ငံ၏ နိုင်ငံတော် အကြီးအကဲကို တိုက်ရိုက် စော်ကားရာရောက်သည့်အပြင် ရွေးကောက်ပွဲ၌ မဲပေးခဲ့ကြသည့် မြန်မာပြည်သူ ၁၃ ဒသမ ၁၃ သန်းကျော်ကို မထီမဲ့မြင် ပြုရာရောက်ကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဗီဒီယိုရိုက်ကူးသည့်နေရာ ရွေးချယ်မှုအပါအဝင် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူပြောဆို ဆောင်ရွက်မှုများသည် အိမ်ရှင်နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ် အတိုက်အခံပြုရန် အားပေးအားမြှောက် ပြုလုပ်နေသည့်အသွင် တွေ့ရပြီး ပြည်တွင်းမငြိမ်သက်မှု ဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေရန် အားပေးလှုံ့ဆော်ရာရောက်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေး”နှင့် “နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုရှိရေး” အတွက် ဦးစားပေး ဆောင်ရွက်နေချိန်တွင် အဆိုပါလုပ်ရပ်သည် နိုင်ငံတော်တည်ငြိမ်ရေးကို မလိုလားသည့် အပြုအမူဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ကို ပြောင်းပြောင်းတင်းတင်း ဝင်ရောက်စွက်ဖက် ဝေဖန်နေခြင်း ဖြစ်သဖြင့် လုံးဝလက်မခံနိုင်ဖွယ်ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်ကို ပြည်သူများကလည်း လုံးဝခံစိတ်မြို့ခြင်းမရှိဘဲ ဆိုရှယ်မီဒီယာတွင် သံရုံးယာယီတာဝန်ခံအား ဝေဖန်ပြောကြားနေကြပြီ ဖြစ်ကြောင်း၊ ၁၉၆၁ ခုနှစ်၊ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း အပိုဒ် ၄၁(၁)အရ စေလွှတ်သည့် နိုင်ငံ၏ သံတမန်များသည် လက်ခံသည့်နိုင်ငံ၏ တရားဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို လေးစားရန်နှင့် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာ ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် တာဝန်ရှိကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် သဘောထားကာ လက်ရှိအစိုးရနှင့် လက်တွဲဆောင်ရွက်လိုခြင်းမရှိ၍ မြန်မာနိုင်ငံ၌ ဆက်လက်တာဝန်ထမ်းဆောင်ခြင်း မပြုလိုပါကလည်း မိမိတို့အနေဖြင့် တားဖြစ်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံသည် ဂျာမနီနိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားသော်လည်း အပြန်အလှန်လေးစားမှု၊ အချုပ်အခြာအာဏာ ညီမျှမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုရေးတို့သည် သံတမန်ဆက်ဆံရေး၏ မရှိမဖြစ် လိုအပ်သောအခြေခံမူများဖြစ်ပြီး အတိအကျလိုက်နာ စောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဂျာမနီသံရုံးယာယီတာဝန်ခံ၏လုပ်ရပ်သည် သံတမန်ရာထူးနှင့်အညီ ထိန်းသိမ်းစောင့်စည်းမှုနှင့် သတိပြုဆင်ခြင်မှုတို့ကို လိုက်နာမှုမရှိဟု မှတ်ယူကြောင်းနှင့် ယင်းကို ကန့်ကွက်ရှုတ်ချကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ ပြောကြားချက်၊ ပြောကြားသည့် နေရာကိုရွေးချယ်မှုနှင့် ဆိုရှယ်မီဒီယာမှတစ်ဆင့် အများပြည်သူသို့ ဖြန့်ဝေမှုတို့သည် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန၏ခွင့်ပြုချက်သို့မဟုတ် ၎င်း၏ကိုယ်ပိုင်သဘောဆန္ဒဖြင့် ဆောင်ရွက်သည်ဆိုသည်ကို တရားဝင်ဖြေရှင်းချက်ပေးရန် တောင်းဆိုကြောင်း၊ အလားတူ လုပ်ရပ်မျိုး ထပ်မံလုပ်ဆောင်ခြင်း မပြုရန် ပြင်းထန်စွာသတိပေးကြောင်းနှင့် လုပ်ဆောင်မည်ဆိုပါက အိမ်ရှင်နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် သံတမန်ရေးရာ အစဉ်အလာများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



သတင်းစဉ်

အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ

ရမည်းသင်း၊ နိုဝင်ဘာ ၁၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနှင့် အသေးစား၊ အလတ် စား ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ရွာတန်းသဲကွန်းကျေးရွာများသို့ အယ်လ်နီညိုအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး အပူလွန်ကဲခြင်းများ၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသို့လှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းခြင်းနှင့် ရေကို လိုသလောက်သုံးစွဲခြင်း လိုက်နာရမည့် အချက်များ၊ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ရမည့်အချက်များအား အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောသည်။

အောင်ရဲကျော်(ကျေးလက်)

၀-၀-၀-၀-၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်အစီရင်ခံစာတင်ပြခြင်းတို့ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် **ရေမြောင်းနှင့် မြောင်းပေါင်များပြုပြင်ပေးနိုင်ရေး၊ DEMU ရထား ပုတီးကုန်းဘူတာတွင် ရပ်ပေးနိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီး ပြင်ပမှ မှတ်ပုံတင်ယာဉ်များအား ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြန်လည်မှတ်ပုံတင်ခွင့်ပြုရေး၊ တရားမဝင်နိုင်ငံခြားသားများအား စစ်ဆေး၍ မူရင်းနိုင်ငံသို့ပြန်ပို့ရေး၊ လဝကရုံးအသစ် တည်ဆောက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၅ ခု** မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လွှတ်လပ်ခွင့်ရေးနှင့် ဒီမိုကရေစီစနစ်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေကို နှစ်စဉ်လျာထားတင်ပြ ကောင်းခံလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာတွင် ပူတာအိုမြို့နယ် ဦးစီးမှူးရုံးအဆောက်အအုံသည် လျာထားတောင်းခံမှုတွင် မပါရှိပါကြောင်း၊ ထို့ပြင် ၂၀၂၇-၂၀၂၈ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင်လည်း ပါဝင်ခြင်းမရှိသောကြောင့် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦးက ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကျင်းပစဉ်။

ဦးစွာ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **လားရှိုးမြို့ ကောက်ကွေ့ရေလှောင်တမံ၏ မြောင်းနှင့် မြောင်းပေါင်များအား မည်သည့်ဘဏ္ဍာနှစ်တွင်ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လားရှိုးမြို့နယ်ရှိ ကောက်ကွေ့တူးမြောင်းမကြီးနှင့် ဟူးမွန်မြောင်းများသည် မြို့နေပြည်သူလူထု၏သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးမြေဧရိယာ ၇၀၀ ကျော်အတွက် စိုက်ပျိုးရေရရှိရေးတို့ကို အကျိုးပြုနိုင်ပါကြောင်း။

အဆိုပါ ကောက်ကွေ့မြောင်းမကြီးသည် ပြီးခဲ့သည့်မိုးရာသီကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြောင်းမကြီး၏ အစိတ်အပိုင်း ၃ နေရာ ထိခိုက်ပျက်စီးခဲ့၍ ရေပေးဝေရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော အစိတ်အပိုင်း ၃ နေရာလုံးတစ်ဆက်တည်းပြုပြင်ပြီးစီးမှသာ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကောက်ကွေ့မြောင်းမကြီး ထိခိုက်ပျက်စီးသည့် အပိုင်း ၂ နှင့် အပိုင်း ၃ နေရာများအား ပြုပြင်နိုင်ရန် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေတွင်လျာထားပြီး အပိုင်း ၁ ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ခုနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ (သို့မဟုတ်) အထွေထွေပို့ဝှါရန်ပုံငွေ၌ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိမိဇော်၏ **ရန်ကုန်-ပြည် DEMU မီးရထားအား သဲကုန်းမြို့နယ် ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်-ပြည် ရထားလမ်းပိုင်းအတွင်း လက်ရှိပြေးဆွဲလျက်ရှိသည့် ရထား ၆ စင်းအနက် ရထား ၄ စင်းအား ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးလျက်ရှိပါကြောင်း၊ ပုတီးကုန်းဘူတာမှ နေ့စဉ်ခရီးသည် ၉၅ ဦးခန့်သာ စီးနင်းလျက်ရှိပြီး လက်ရှိရပ်တန့်ပေးထားသော ရထား ၄ စင်းဖြင့် ခရီးသည်စီးနင်းမှု လုံလောက်သည့် အခြေအနေဖြစ်သည့်အပြင် ၂၀၂၆ ခုနှစ် အောက်တိုဘာလမှစတင်၍ အမှတ်(၆၁) အဆန်/(၆၂) အစုနှ် ရန်ကုန်-ပြည်-အောင်လံ - ပုဂံ လူစီးအမြန်ရထားသည် အဆိုပါရထားလမ်းအတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်သည့်အတွက် စုစုပေါင်း ရထား ၆ စင်း ရပ်တန့်ပေးလျက်ရှိပါကြောင်း။

အမှတ်(၇၃)အဆန်/(၇၄)အစုနှ် DEMU ရထားအား ပုတီးကုန်းဘူတာတွင် ရပ်တန့်မည်ဆိုပါက ဘူတာတွင်ရပ်တန့်ချိန် ၃ မိနစ်၊ ရထားအရှိန်လျှော့ချိန် ၁ မိနစ်၊ ဘူတာမှပြန်လည်ထွက်ခွာပြီး မူလပြေးဆွဲချိန် ရရှိရန် ရထားအရှိန်တင်ချိန် ၂ မိနစ် စုစုပေါင်း ၆ မိနစ် ထပ်မံကြာမြင့်မည်ဖြစ်ပါကြောင်း၊ ပုတီးကုန်းဘူတာနှင့် နီးစပ်ရာဘူတာဖြစ်သည့်ပေါင်းတည်နှင့် သဲကုန်းဘူတာတို့မှ သွားရောက်စီးနင်းနိုင်ပါသဖြင့် DEMU လူစီးအမြန်ရထားအား ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင် မှတ်ပုံတင်ထားရှိသော မော်တော်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လိပ်စာအတိုင်း ပြန်လည်ခွင့်ပြုပေးရန် မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ မော်တော်ယာဉ်များ နယ်ဝင်ခွင့်လျှောက်ထားခြင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းတပ်ဆင်ထုတ်လုပ်ထားသော (CKD/SKD) မော်တော်ယာဉ်များအား ပြည်တွင်းထုတ်လုပ်မှုကို အားပေးကူညီသည့်အနေဖြင့် ရန်ကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီများမှ တက္ကစီဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် တင်သွင်းလာသည့် လျှပ်စစ်သုံး တက္ကစီယာဉ်များနှင့် လျှပ်စစ်သုံးခရီးသည်တင်ယာဉ်များကို ရန်ကုန်လိပ်စာဖြင့် လျှောက်ထားပါက အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဒ္မသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ရန်ကုန်-မန္တလေး- တောင်ကြီး-မော်လမြိုင် အပါအဝင် တစ်နိုင်ငံလုံးရှိ တရားမဝင်နိုင်ငံခြားသားများအား စစ်ဆေးရန်နှင့် မူရင်းနိုင်ငံသို့ပြန်ပို့ရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် တရားဝင် ဝင်ရောက်လာသော နိုင်ငံခြားသားများအား နိုင်ငံခြားသား ရောက်ရှိခြင်းအစီရင်ခံစာ Form C/ e-Form C တိုင်ကြားမှု ရှိ/မရှိ စစ်ဆေးခြင်း။ နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့်သက်တမ်းနှင့် အကြံဝင်ကြေး ပြည်ပြန်ဝင်ခွင့်ဗီဇာ သက်တမ်းတိုးမြှင့်ခြင်းကိစ္စများအတွက် မြေပြင်တွင် အမှန်တကယ်နေထိုင်လုပ်ကိုင်ခြင်းတို့ကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ရှောင်တခင်ဇည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် နိုင်ငံခြားသားများမရှိစေရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ပူးပေါင်းအဖွဲ့များဖြင့် အခါအားလျော်စွာ ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဗီဇာစည်းကမ်းဖောက်ဖျက်မှုများအား အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ ပါကြောင်း။

ထို့ပြင် ဗီဇာစည်းကမ်းဖောက်ဖျက်သည့် နိုင်ငံခြားသားများနှင့် ခိုးဝင်နိုင်ငံခြားသားများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းနှင့် ပြည်နှင်ခြင်းတို့ကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရာနီ၏ **ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနရုံးအား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည်ဆောက်လုပ်ရေးအတွက် ရန်ပုံငွေကို နှစ်စဉ်လျာထားတင်ပြ ကောင်းခံလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာတွင် ပူတာအိုမြို့နယ် ဦးစီးမှူးရုံးအဆောက်အအုံသည် လျာထားတောင်းခံမှုတွင် မပါရှိပါကြောင်း၊ ထို့ပြင် ၂၀၂၇-၂၀၂၈ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင်လည်း ပါဝင်ခြင်းမရှိသောကြောင့် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေပြုချက်ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အသက် ကိုးလမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များအား ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးလျက်ရှိ

မန္တလေး နိုဝင်ဘာ ၁၀

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန၏ 'ဝက်သက်ရောဂါပပျောက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေး' ရည်ရွယ်ချက်ဖြင့် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူကျန်းမာရေးဝန်ထမ်းများက မြို့နယ် ၁၄ ရပ်ကွက်အတွင်းရှိ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအား ဝက်သက်၊ ကျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို နိုဝင်ဘာ ၉ ရက်နေ့ နံနက် ၉ နာရီက သက်ဆိုင်ရာ ခမ္မာရုံများတွင် ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများ ပူးပေါင်းကာ မြို့နယ် ၁၄ ရပ်ကွက်အတွင်းရှိ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအား ထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံပေးကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ အနေဖြင့် နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ရည်မှန်းထားပြီး ကလေးငယ်စုစုပေါင်း ၉၄၉၀ ဦးတို့အား ရပ်ကွက်အလိုက် သတ်မှတ်ဆေးထိုးစုရပ်များတွင် ကွင်းဆင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)(၀၆၉)



လွှတ်တော်လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်စည်းကမ်းများ နိုင်ငံတကာစံနှုန်းနှင့်အညီ ကျင့်သုံးနိုင်ရေး ရှင်းလင်းတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက နိုင်ငံတကာလွှတ်တော်များတွင် ကျင့်သုံးလျက်ရှိသော မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း ဆိုင်ရာ လွှတ်တော်လုပ်ထုံးလုပ်နည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ကျင့်ဝတ်စည်းကမ်း (Code of Conduct - COC)ဆိုင်ရာ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြပွဲတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏ အဓိကတာဝန်များ ဖြစ်သည့် ဥပဒေပြုရေး၊ ပြည်သူကိုယ်စားပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အပေါ် စောင့်ကြည့်ထိန်းကျောင်းရေးတို့၌ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်း၏ အရေးပါမှုကို ရှင်းလင်းပြောကြားသည်။



ထို့နောက် အမေရိကန်၊ ဖြိတ်န်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့၏ လွှတ်တော်လုပ်ထုံးလုပ်နည်းများကို အကျဉ်းချုပ် နှိုင်းယှဉ်တင်ပြပြီး မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော်နည်းဥပဒေများပါ မေးခွန်းဆိုင်ရာ ပြဋ္ဌာန်းချက်များ (နည်းဥပဒေ ၁၃၉ မှ ၁၄၄)တို့အား အခြေခံ၍ လိုက်နာရမည့် သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်း (Code of Conduct-COC) ပြဋ္ဌာန်းချက်များ (နည်းဥပဒေ ၁၃၉ မှ ၁၄၈)တို့အား အခြေခံ၍ လိုက်နာရမည့် သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏တာဝန်များကို ထမ်းဆောင်ရာတွင် ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူအကျိုးကို ဦးစားပေးမှုတို့ကို အခြေခံ၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရာထူးနှင့် လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အသုံးချခြင်းနှင့် အကျိုးစီးပွားပဋိပက္ခ ဖြစ်ပေါ်စေခြင်းများကို ရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ ကျင့်ဝတ်စည်းကမ်းများသည် လွှတ်တော်၏ ဂုဏ်သိက္ခာနှင့် ပြည်သူ့ယုံကြည်မှုကို ထိန်းသိမ်းရာတွင် အဓိကကျကြောင်း၊ လွှတ်တော်အနေဖြင့် မဟာဗျူဟာ(၅)နှစ် စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပခရီးစဉ်များကိုလည်း စေလွှတ်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးမှုများကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

ဦးစွာ ASEAN-PAC ၏ (၂၁)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ASEAN-PAC ၏ (၂၂)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းက အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် အာဆီယံဒေသတွင်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် ဘုံကတိကဝတ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ASEAN-PAC အစည်းအဝေးသို့ ပါဝင်တက်ရောက်၍ ဆွေးနွေးပေးကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား နွေးထွေးစွာကြိုဆိုပါကြောင်း။



ယနေ့ကျင်းပသည့် အစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနိုင်မာစေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက်အတွေ့အကြုံကောင်းများကို အပြန်အလှန်မျှဝေနိုင်ရန် အရေးကြီးသော အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်ဖြစ်သည့် "လူငယ်များ၏ ဖြောင့်မတ် တည်ကြည်မှုကို မြှင့်တင်၍ အဂတိကင်းစင်သော အနာဂတ်ကို တည်ဆောက်ကြပါစို့"ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် မိမိတို့အားလုံးက ဆက်လက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ ပါဝင်မှုသည် အဂတိကင်းစင်သည့်လူအဖွဲ့အစည်းတည်ဆောက်ရေးအတွက် အရေးပါသော အင်အားတစ်ရပ် ဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံဒေသအတွင်း လူငယ်များ၏ ဖြောင့်မတ် တည်ကြည်မှုကို မြှင့်တင်ပြီး အဂတိလိုက်စားမှုကို လုံးဝ လက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ကို အတူတကွ ဖော်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ယနေ့ အစည်းအဝေးမှ အကျိုးရှိသည့် ဆွေးနွေးမှုများ၊ အတွေ့အကြုံများနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ASEAN-PAC ၏ (၂၁)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက် လာကြသူများကို ASEAN-PAC ၏ (၂၂)ကြိမ်မြောက် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့်ကာလ အတွင်း ASEAN-PAC ၏ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရ စုံစမ်းစစ်ဆေးရေးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ တိုင်ကြားစာများ စုံစမ်းစစ်ဆေးရေးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုတို့မှ တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကို ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ

ရောက်ရှိအောင် အခြောက်ခံရန် လိုအပ်သည်။

တတိယအဆင့်တွင် အသီးများ ခြောက်သွေ့သွားပါက ငရုတ်ဆုံဖြင့် အသာအယာထောင်းခြင်း သို့မဟုတ် သင့်လျော်သည့်စက်ဖြင့် အခွဲခွာခြင်းတို့ ပြုလုပ်ကာ အပြင်အခွံနှင့် အတွင်းအလွှာများကို ဖယ်ရှားရမည်ဖြစ်သည်။

စတုတ္ထအဆင့်တွင် ကော်ဖီစေ့များ၌ ကပ်ကျန်နေသည့် အခွံအကြွင်းအကျန်များ၊ အမှိုက်များ၊ အနက်ရောင်စေ့များနှင့် ပျက်စီးနေသည့်အစေ့များကို ဖယ်ရှားသန့်စင်ရမည်ဖြစ်ပြီး ယင်းအဆင့်တွင် ကော်ဖီစိမ်းစေ့ (Green Bean) ရရှိမည်ဖြစ်သည်။

ပဉ္စမအဆင့်တွင် ကော်ဖီစေ့များကို ဒယ်အိုးအထူ(သို့မဟုတ်) Coffee Roaster အသုံးပြု၍ မီးအလယ်အလတ်ဖြင့် အဆက်မပြတ်မွှေကာ လှော်ရမည်ဖြစ်ပြီး အစေ့များ မတူးမကျွမ်းစေရန် သတိပြုရမည်ဖြစ်သည်။

ဆဋ္ဌမအဆင့်တွင် လှော်ပြီးသည့် ကော်ဖီစေ့များကို ဗန်းပေါ်တွင် ဖြန့်ခင်းကာ အပူချိန် လျင်မြန်စွာလျော့ကျစေရန် အအေးခံရမည်ဖြစ်သည်။

သတ္တမအဆင့်တွင် အအေးခံပြီးသည့် ကော်ဖီစေ့များကို အိမ်သုံး Coffee Grinder ဖြင့် သောက်သုံးလိုသည့်ပမာဏအတိုင်း ကြိတ်ခွဲကာ ရေနွေးဖြင့် ဖျော်သောက်နိုင်ပြီဖြစ်သည်။

အဆိုပါလုပ်ငန်းစဉ်အတွက် ဆန်ခါနှင့် အခြောက်ခံစင်၊ ဒယ်အိုးအထူ၊ အလေးချိန်တိုင်းစက်၊ အိမ်သုံးကော်ဖီကြိတ်စက်နှင့် လေလုံသည့် ကော်ဖီသိုလှောင်ဘူးတို့ လိုအပ်မည် ဖြစ်သည်။

ကော်ဖီသီးကို အလုံးလိုက် အခြောက်ခံရာတွင် အချိန်ကြာမြင့်နိုင်သည့်အပြင် အခြောက်ခံမှု မပြည့်စုံပါက မှိုတက်နိုင်သဖြင့် အရိုဓာတ်ကို သေချာစစ်ဆေးရန် လိုအပ်ကြောင်းနှင့် လှော်ပြီးသား ကော်ဖီစေ့များကိုလည်း သောက်သုံးမည့်အချိန်နီးမှ ကြိတ်ခွဲပါက အနံ့အရသာ ပိုမိုကောင်းမွန်စွာ ရရှိနိုင်သည်။

ဤနည်းလမ်းဖြင့် ကိုယ်ပိုင်ခြံထွက်ကော်ဖီသီးများကို အိမ်တွင်ပင် အဆင့်ဆင့် ပြုပြင်ထုတ်လုပ်ကာ လတ်ဆတ်သည့် ကော်ဖီအဖြစ် သောက်သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)

သုတ၊ ရသစာအုပ်များ လျှပ်ဒါန်းပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၁၀

မန္တလေး၊ မဟာအောင်မြေမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်လှုဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း၊ ဒုတိယဥက္ကဋ္ဌ တင်ထွန်း(ရွှေကူ)နှင့် စာရေးဆရာ အိုးဝေ(မြေနီကျင်း)တို့က သုတ၊ ရသစာအုပ်များကို လှူဒါန်းရခြင်းရည်ရွယ်ချက်အား ပြောကြားခဲ့ကြသည်။

ထို့နောက် မဟာအောင်မြေမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအတွက် စာရေးဆရာကြီးတင်ထွန်း(ရွှေကူ)က သုတ၊ ရသ စာအုပ်များ လှူဒါန်းခဲ့ရာ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လက်ခံရယူခဲ့ကြောင်း သိရသည်။ (၀၅၆)

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေထံ မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀ ရက်

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့်၏ ခန့်အပ်လွှာကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံ၍ ၎င်းအား အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်သည်။

သတင်းစဉ်



သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ဥဇဘတ်ကစ္စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ် ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဥဇဘတ်ကစ္စတန် သမ္မတနိုင်ငံ ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ် ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၀ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂(က)အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာလိုက်သည်-

(၁) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက် [ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်ပါသည်။]	၁၁ - ၁၁ - ၂၀၂၆
(၂) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်	၁၂ - ၁၁ - ၂၀၂၆ မှ ၂ - ၁၂ - ၂၀၂၆

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အယ်လ်နီညိုဖြစ်စဉ်နှင့် လိုက်လျောညီထွေစွာ နေနိုင်ရေး အသိပညာပေးဟောပြော



မူဆယ် နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် အယ်လ်နီညို ဖြစ်စဉ်နှင့် လိုက်လျောညီထွေစွာ နေနိုင်ရေး၊ ရေချွေတာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မူဆယ်မြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် အန္တရာယ်ရောက်ရာသီဥတုဖြစ်စဉ်နှင့် လိုက်လျောညီထွေစွာနေနိုင်ရေး၊ ရေသယ်ဇာတထိန်းသိမ်းရေး၊ ရေချွေတာရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြှုပ်လွှေ့လျှောရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးဝေအောင်က ကမ္ဘာနှင့် မြန်မာတွင် ဖြစ်ပေါ်ခဲ့သော အယ်လ်နီညို ဖြစ်စဉ်များနှင့် အယ်လ်နီညိုကြောင့် ကဏ္ဍအစုံပေါ် သက်ရောက်မှုများ၊ လက်ရှိ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်၊ ရေသယ်ဇာတများနှင့် ရေကိုချွေတာသုံးစွဲရေး၊ Fire Hotspots နှင့် မီးခိုးမြှုပ်ဧရိယာများ တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအပေါ် သက်ရောက်မှုများအကြောင်းကို ဟောပြောခဲ့သည်။

ဆက်လက်၍ တောအုပ်ကြီး ဦးစောအေးထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သစ်တော၊ သစ်ပင်များကို စိုက်ပျိုးပြုပြင်ထိန်းသိမ်းခြင်းနှင့် သစ်ပင်၊ သစ်တောများ၏ အကျိုးကျေးဇူးများ၊ သစ်တောဦးစီးဌာနနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော သစ်တောလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးနှင့် သစ်ပင်၊ သစ်တောများ၏ အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောခဲ့ရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်ကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)

* – * – * – * – *

အဝွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲ ကျင်းပ



ရောက် နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ အဝွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအဝွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အဝွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အဝွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အဝွန်ကောက်ခံမှုအထောက် အကူပြုအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစစ်ဦးအေးက အဝွင့်အမှာစကား ပြောကြားပြီးမြို့နယ်အဝွန်ဦးစီးဌာနမှူး ဦးကျော်သက်နိုင်က ပြေစာများပေါ်တွင် အဝွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အဝွန်ထမ်းဆောင်ရန်ပျက်ကွက်သူများထံမှ ရသင့်ရာထိုက်သောအဝွန်များရရှိစေရေး အဝွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကိုစောင့်ကြည့်စစ်ဆေးခြင်းစနစ် (M-TRACES)စနစ်အား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များ(၄၈) ဦးတက်ရောက်ခဲ့ပြီး တက်ရောက်လာသော အဝွန်ထမ်းလုပ်ငန်းရှင်များ၏ သိရှိလိုသော မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပေးကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

မန္တလေးမြို့အရှေ့ဘက်တွင် အင်အား ၃ ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်ခတ်

မန္တလေး နိုဝင်ဘာ ၁၀

မန္တလေးမြို့အရှေ့ဘက်တွင် ယနေ့ နိုဝင်ဘာ ၁၀ ရက် ညနေ ၆ နာရီ ၃၄ မိနစ် ၂၅ စက္ကန့်က အင်အား ၃ ဒသမ ၇ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ သိရသည်။

အဆိုပါ မြေငလျင်သည် မန္တလေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၈ မိုင်ခန့်အကွာ၊ ပြည်ကြီးတံခွန်မြို့နယ်၏ အရှေ့-အရှေ့မြောက်ဘက် ၃ မိုင်ခန့်အကွာတို့ ဗဟို ပြုခဲ့ပြီး မြေငလျင်၏ အနက်မှာ ၁၁ ကီလို မီတာရှိကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကို မန္တလေးမြို့ပေါ်ရှိ နေရာအချို့တွင် သိသာစွာခံစားခဲ့ရပြီး ငလျင်ပြင်းအားနှင့် ထိခိုက်သက်ရောက်မှု အခြေအနေများကို ဆက်လက် စုံစမ်းလျက်ရှိသည်။

(မန္တလေးနေ့စဉ်-၆)

o–o–o–o–o



ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လျော်ကြေး၊ နစ်နာကြေး အတည်ပြုပေးရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြလာသည့်ကိစ္စရပ်များတွင် လယ်ယာမြေများပေါ်၌ စိုက်ပျိုးခွင့်မရှိသော သီးနှံများပါဝင်လာမှုမရှိစေရေး စီစစ်ပေးရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူထားကြသည့် ဌာနအလိုက် ဝန်ထမ်းများအား ထပ်ဆင့်လမ်းညွှန်ပေးကြရန်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြရာတွင်လည်းရှင်းလင်းပြောကြားပေးရန် လိုအပ်လျက်ရှိကြောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းက နေပြည်တော် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုရန် စီစစ်၍ ထောက်ခံတင်ပြလာသည့် လုပ်ငန်းစာတွဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့်စံပြလုပ်ထုံးလုပ်နည်း (SOP)အရလည်းကောင်း ကိုက်ညီမှုနှံကန့်မှုရှိစေရန် စီစစ်အတည်ပြု ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်လုပ်ငန်းများကို တင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြောင်းအရာတစ်ခုချင်းအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ်ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိ

ဟိုမိန်း နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းဧးခရိုင်၊ ဟိုမိန်းမြို့၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြရာ ယခုအချိန်တွင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆန်စပါးရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီး အစောပိုင်းစိုက်ပျိုးသူများ စတင်ရိတ်သိမ်းနေပြီဖြစ်သည်။

ဟိုမိန်းမြို့တွင် ဒေသတွင်းဆန်စပါးဖူလုံမှုရှိစေရေး ယာစပါး ၁၀၇၂ ဧက၊ တောင်ယာစပါး ၃၅ ဧက၊ လယ်စပါး ၄၁၇ ဧက စိုက်ပျိုးထားခဲ့ပြီး ဆန်စပါးစိုက်ပျိုးမှု ရာခိုင်နှုန်း ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိကြောင်း၊ ဒေသတွင်း စားသုံးမှုဖူလုံမှုသာ ပိုလျှံသောဆန်စပါးများကို ရောင်းချလျက်ရှိကြောင်း၊ အဓိကအားဖြင့် ဆန်စပါး၊ မြေပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံ နေကြာတို့ကို စိုက်ပျိုးကြကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းမြင့်က စိုက်ပျိုးနည်းမှန်ကန်စေရေး၊ အထွက်နှုန်းတိုးတက်စေရေး၊ နည်းစနစ်ကောင်းမွန်စေရေးနှင့် တောင်သူဘဝ မြင့်မားရေးအတွက် စိုက်ပျိုးနည်းစနစ်များကို ကွင်းဆင်းဟောပြောပေးလျက်ရှိသည့်အပြင် သီးနှံများကို အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၇၇)ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇၇)ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး (77th Meeting of the Working Group on Technical Matters for the ASEAN Single Window – ASW-TWG)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Grand Amara ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ဘက္ထာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ လာအို၊ အရှေ့တီမောနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမိုးကျော်အေးနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ Dr . Ramlah Binti Mukhtar တို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက အာဆီယံဒေသတွင်း ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရန်အတွက် အာဆီယံ ပြတင်းတစ်ပေါက်စနစ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ATIGA e-Form D၊ ASEAN Customs Declaration Document နှင့် e-Phyto Document လဲလှယ်မှုအခြေအနေများ၊ စနစ်၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပညာရပ်ဆိုင်ရာ အခက်အခဲများ၊ မျိုးဆက်သစ် ASEAN Single Window 2.0 အဆင့်မြှင့်တင် အကောင်အထည်ဖော်ရန်ကိစ္စရပ်များ၊ အာဆီယံပြင်ပ မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်လဲလှယ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စာပေချစ်မြတ်နိုးသူများအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေး

မွန်ဖြူ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ စာပေချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် စာပေချစ်မြတ်နိုးသူများအသင်း နာယက ဦးစိန်လွင်(ပညာရေး-ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးလှကို (ပညာရေး-ငြိမ်း)က စာပေဆိုင်ရာ ဟောပြော ပွဲများ ကျင်းပသွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များက စာဖတ်ရှုနိုင်မြှင့်တင်ရေး နယ်လှည့် အသိပညာပေးလုပ်ငန်းများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဥာဏ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြရာ မြို့နယ်စာပေချစ်မြတ်နိုးသူများ(Book Club) အသင်း ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။**(၄၄၅)**

စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

မကွေး နိုဝင်ဘာ ၁၀

မကွေးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် ယနေ့ နံနက် ၁၀ နာရီခွဲခန့်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးသူ ဦးဆောသော မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် စက်သုံးဆီဆိုင်များအနေဖြင့် မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် (FSC)ရရှိရေး လျှောက်ထားဆောင်ရွက်ရန်၊ ယခင်က အကြံပြုချက် ရယူထားပြီးသည့် ဆီဆိုင်များမှလည်း ထောက်ခံချက် (FSC) အမြန်ဆုံး ရယူဆောင်ရွက်သွားရန်၊ တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အမြဲအသင့်ဖြစ်စေရန် စီမံထားရှိရေး၊ ရေရရှိရေး စီမံဆောင်ရွက်ထားရန်နှင့် ဆီဆိုင်ဝန်ထမ်းများအနေဖြင့် မီးငြိမ်းသတ်ရေးကိရိယာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရေး အတွက် ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုအချိန်အခါသည် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရာသီဥတုမူမမှန်ခြင်း၊ အပူချိန်မြင့်မားခြင်းတို့ကြောင့် မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)



o–o–o–o–o

○ စာမျက်နှာ ၂၄ မှ

မိုးကုတ်မြို့ရှိ ပတ္တမြားမြေ အားကစားခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်း ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 အမျိုးအစား သေနတ် ငါးလက်၊ Type 81 အမျိုးအစား သေနတ် ၆၆ လက်၊ AK-47 အမျိုးအစား သေနတ် သုံးလက်၊ M-22 အမျိုးအစား သေနတ် လေးလက်၊ ပစ္စတိုသုံးလက်၊ လက်လုပ်သေနတ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ၈၄ ခုနှင့် ကျည်မျိုးစုံ ၁၄၇၂ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အားမောင်းပြန်ရိုင်ဖယ် ၇၈ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၉၀၀၊ ပစ္စတို သုံးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၆၀၊ လက်လုပ်သေနတ် သုံးလက်အတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူ ၁၁၆ ဦးအတွက် ဆုကြေးငွေကျပ် ၁၁၆ သိန်းတို့ကို ပေးအပ်ပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်ခဲယမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်ပိုင်းတို့ဖြင့် တည်ခင်းဧည့်ခံသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေးစဉ်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအတွက် ဆုကြေးငွေ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ လွှဲပြောင်းအပ်နှံသည့် လက်နက်၊ ခဲယမ်းများအား လက်ခံရယူစဉ်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ လွှဲပြောင်းအပ်နှံသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် TNLA အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင်လမ်းစဉ် အားစွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အမျိုးသား ၁

အလင်းဝင်ပြီးတော့ ကျွန်တော်တို့ ပြန်လာရတဲ့ ရည်ရွယ်ချက်ကတော့ စကတည်းက ကျွန်တော်တို့က နိုင်ငံရေးလည်းနားမလည်ဘူး၊ တော်လှန်ရေးလည်းနားမလည်ဘူး။ ဖိအားတစ်မျိုးကြောင့် ဒီလိုလုပ်ခဲ့တယ်။ အခက်အခဲအမျိုးမျိုးနဲ့ အဆင်မပြေတဲ့အခါကျတော့ ကျွန်တော်တို့လုပ်နေကျ နားလည်တဲ့အလုပ်မျိုး မဟုတ်တဲ့အခါကျတော့ နည်းလမ်းရှာပြီးတော့မှ မြို့မိမြို့ဖ လူကြီးတွေကတစ်ဆင့် နိုင်ငံတော်ကို ဆက်သွယ်ပြီး အလင်းဝင်လာခဲ့တယ်။ ကျွန်တော်တို့ရဲ့ ဗီဇ၊ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းမှု၊ ကျွန်တော်တို့ဖြစ်ချင်တဲ့ဟာမျိုး မဟုတ်တဲ့အခါကျတော့ အခုလုပ်ရပ်ကနေ ရုန်းထွက်ခဲ့တယ်။ နောက်တစ်ချက် ကတော့ ကျွန်တော်တို့ချစ်တဲ့ မိုးကုတ်၊ မိုးမိတ်ကို နောက်တစ်ခါ ဒီလိုမျိုး တိုက်ပွဲတွေ မဖြစ်အောင် တပ်မတော်နဲ့ ကာကွယ်မယ်။ မိုးကုတ်၊ မိုးမိတ်မှာ လီဆူးတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ လီဆူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လုံခြုံရေး အားလုံးကို ကူညီစောင့်ရှောက်မယ်။ တစ်ဖက်ကလည်း နိုင်ငံတော်ကို ပြန်ပြီးတော့ ကာကွယ်ရေးတွေလုပ်မယ်။ ကျွန်တော်တို့ရဲ့ အင်အားနဲ့ တပ်မတော်နဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းက ဖြစ်နိုင်ရင် မိုးကုတ်၊ မိုးမိတ်မှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံ အကုန်လုံးကို ကျွန်တော်တို့ အလုပ်အကျွေးပြုမယ်ဆိုတဲ့ဆန္ဒမျိုးနဲ့ တပ်မတော်ကို ဆက်သွယ်ပြီး အလင်းဝင်လာရခြင်းဖြစ်တယ်။ အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ကျွန်တော့်မှာ တပည့်သားသမီးတွေ အများကြီးရှိတယ်။ ကျွန်တော့်မှာ ဖိအားတွေ အလွန်များခဲ့တယ်။ နိုင်ငံတော်ကို ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ ကျောက်မဲကို စရောက်တဲ့ အချိန်ကတည်းက ကျွန်တော်တို့ကို ဗိုလ်ချုပ်ကိုယ်တိုင်လာပြီးတော့မှ ကောင်းကောင်း မွန်မွန်ကြိုဆိုတယ်၊ ကောင်းကောင်း မွန်မွန်ဧည့်ခံတယ်။ ကျွန်တော်တို့ အလွန်ပျော်ရွှင်ရတယ်။ ကျွန်တော်တို့ကို ကျောက်မဲကနေပြီးတော့ ပြင်ဦးလွင်၊ မန္တလေး၊ သပိတ်ကျင်း၊ မိုးကုတ်တို့ကို ညတွင်းချင်းပို့ပေးတယ်။ ကျွန်တော်တို့ အစစအရာရာ ဘာမှလုပ်စရာမရှိဘူး။ ဒီအတွက် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ အခုကျန်ခဲ့တဲ့ ကျွန်တော်တို့ရဲ့မိတ်ဆွေတွေ အမြင်မှန်ရပြီး ကိုယ့်မိသားစုအတွက်၊ ကိုယ့်ရဲ့မြို့ရွာအတွက်၊ ကိုယ့်ရဲ့လူမျိုးအတွက် တောထဲမှာပဲမနေဘဲနဲ့ ပြန်လာဖို့ အလင်းလာဝင်ပြီး ခုနကပြောသလို ကိုယ့်မြို့ရွာ အေးချမ်းသာယာလာဖို့ အတူတူပူးတွဲဆောင်ရွက်ဖို့ ပြန်လာကြပါလို့ ကျွန်တော့် အနေနဲ့ မေတ္တာစကားပါးချင်ပါတယ်။

အမျိုးသား၂

ကျွန်တော်တို့ ဒီအဖွဲ့အစည်းထဲကိုရောက်လာတဲ့အကြောင်းအရင်းက တပ်မတော်ကနေ ဆုတ်သွားတဲ့အချိန် TNLA တွေဝင်လာတယ်။ သူတို့အုပ်ချုပ်တဲ့ အချိန်မှာ တစ်အိမ်တစ်ယောက် မဝင်မရစနစ်နဲ့လာခဲ့တယ်။ ကျွန်တော်တို့ မဝင်လို့ရှိရင်လည်း အိမ်ကမိသားစုတွေက ပိုပြီးတော့ ခက်ခဲတာပေါ့။ ကျွန်တော်တို့က မဝင်မဖြစ်ဝင်ခဲ့ရတယ်။ အဖွဲ့အစည်းထဲကို ဝင်ခဲ့တဲ့ အချိန်မှာ အခက်အခဲတွေကတော့ များပါတယ်။ ရှေ့တန်းတိုက်ပွဲအတွေ့အကြုံတော့ မရှိပါဘူး။ ကျွန်တော်တို့က မြို့တွင်းအုပ်ချုပ်ရေးပိုင်းမှာ မြို့တွင်းကင်းတာဝန်အနေနဲ့ ဆောင်ရွက်ရတာပါ။ အလင်းဝင်ရတဲ့ အကြောင်းအရင်းကတော့ တောထဲမှာပဲနေပြီး ကျွန်တော်တို့ရဲ့ အနာဂတ်က ပျောက်ဆုံးနေတယ်။ ပြီးတော့ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့ သဘောထားကို သိရှိနားလည်ပြီးမှ အလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျန်ခဲ့တဲ့သူတွေကိုလည်း ဖြစ်နိုင်ရင် အမြန်ဆုံးလာခဲ့ပါ အစစအရာရာ အဆင်ပြေတယ်လို့ ဖိတ်ခေါ်ချင်ပါတယ်။





စာမျက်နှာ ၁၀ သို့ ○

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်း များကို စနစ်တကျဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၇၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုတွင် ယနေ့အထိ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံး အနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံး နှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး စုစုပေါင်းအဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ၁၀၀





အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀ ဦးတို့အား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ကိုးဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရေးရွှေ့၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။

ထိုသို့ ပြည်နှင်လွှဲပြောင်း ပေးအပ်ရာတွင် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံရုံးမှ First Secretary Mr. Dang Quang Sanh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းမှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၃၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေး ပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိ သည့် ပြည်ပနိုင်ငံသား ၁၀၇၁ ဦး တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ် ရေး (လတ်တလော)ပြဋ္ဌာန်းချက် များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အပြစ်ပေး အရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၁ ဦးရှိသည့်အတွက် ကျန်ရှိ သည့် ပြည်ပနိုင်ငံသား ၆၈၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင် ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသား များနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင် လွှဲပြောင်းပေးနိုင်ရေး ထိရောက် စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

သတင်းစဉ်



❍ စာမျက်နှာ ၉ မှ

အမျိုးသမီး ၃

သူတို့ တစ်အိမ်တစ်ယောက် ခေါ်တော့ လိုက်သွားခဲ့ရတယ်။ သူတို့က ကိုယ့်မြို့မှာပဲနေရမယ် လို့ပြောပြီး နောက်တော့ တောထဲကိုခေါ်သွားခဲ့လို့တောထဲမှာပဲနေခဲ့ရတယ်။ တောထဲရောက်တော့ ကျွန်မကို စစ်မေးဆိုပြီး မွေးမြူရေး လုပ်ခိုင်းတယ်။ ပြီးရင် နေ့တိုင်း ဖက်ထိပ်လုပ်ရတယ်။ အခက်အခဲ ကတော့ စားရေးသောက်ရေး အခက်အခဲရှိတယ်။ သင်တန်းက သုံးလသင်တန်းမှာကျတော့လည်း အခက်အခဲကြုံတာက စားရေး သောက်ရေးပါပဲ။ ကျွန်မတို့က သူတို့ လူမျိုးမဟုတ်ဘူးလေ။ တခြား လိဆူလူမျိုးဆိုတော့ အလုပ်တွေဘာတွေဆိုရင် ကိုယ့်ကို ပို့ခိုင်းတယ်။ ရာထူးတွေဘာတွေ ပေးမယ်ဆိုရင်တော့ သူတို့ အချင်းချင်းပဲ ပေးတာမျိုးတွေ လည်းရှိတယ်။ တော်တော်လေး တော့ပင်ပန်းခဲ့တယ်။ မိန်းကလေး ဆိုတော့ နောက်တန်းမှာပဲထား တယ်။ ရှေ့တန်းမသွားရဘူး။ အမျိုးသားတွေကျတော့ ရှေ့တန်း သွားရတယ်။ အလင်းလာဝင်ရတဲ့ အကြောင်းကတော့ နိုင်ငံတော်ရဲ့ သဘောထားအမှန်ကို သိရှိတဲ့ အတွက် ကျွန်မတို့အလင်းဝင် ရခြင်းဖြစ်တယ်။ နိုင်ငံတော် ကလည်း ကျွန်မတို့အလင်းဝင်ဖို့ အတွက် လို့ကလို့ကလဲ့လဲ့ကြိုဆို ပေးတဲ့အတွက်လည်း ကျွန်မတို့ အနေဖြင့် အလွန်အင်မတန် ဝမ်းသာပီတိတွေ ဖြစ်မိပါတယ်။ အများကြီးလည်း ဂုဏ်ယူပါတယ်။ ကျွန်မတို့ကို ပြန်လက်ခံပေးတဲ့ အတွက်၊ ကြိုဆိုပေးတာ အစစအရာရာ အကုန်လုံးလုပ်ပေး တယ်။ ကားကအစ လိုလေသေး မရှိအောင် ဒီဘက်ထိရောက်အောင် ပံ့ပိုးပေးခဲ့တယ်။ အဲဒီအတွက် လည်း နိုင်ငံတော်ကို အလွန် ကျေးဇူးတင်ပါတယ်။ ကျန်ခဲ့တဲ့ သူတွေလည်း တပ်မတော်ရဲ့ စေတနာခဲ့ပါ။ သဘောထားကို သိပြီဆိုလို့ရှိရင် ကျွန်မတို့လိုပဲ ဒီကိုလာမယ်လို့ မျှော်လင့်ပါ တယ်။ တပ်မတော်နဲ့ ပူးပေါင်းခွင့် ရတဲ့အတွက် အလွန်ကျေးဇူးတင် ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကိုယ့်လူမျိုးနဲ့ တပ်မတော်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစား သွားမှာပါ။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများမှားပျက်ပြားစေရန် ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ် ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် " DAW MAY ZIN " Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁) ရပ်ကွက်နေ မေဇင်လှိုင် အား ညနေ ၆ နာရီတွင် ပုသိမ်မြို့မရဲစခန်း(ပ)၁၆၃/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာ အားကစား သတင်းများ

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Carlos Alcaraz တက်ရောက်



ပါရီ နိုဝင်ဘာ ၁၀

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နော်ဝေတင်းနစ်ကစားသမား Casper Ruud အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အမေရိကန်တင်းနစ်ကစားသမား Ben Shelton တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

0-0-0-0-0



၁၉၈၆ ခုနှစ် ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မန်ယူအသင်း တန်းဆင်းဇုန်သို့ ရောက်ရှိ

လန်ဒန် နိုဝင်ဘာ ၁၀

မန်ယူအသင်းသည် ၁၉၈၆ ခုနှစ် ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမှတ်ပေးဇယား အဆင့်(၁၈)တန်းဆင်းဇုန်၌ ရပ်တည်ပြီး အသင်းသမိုင်းတွင် အဆိုးရွားဆုံး မှတ်တမ်းတစ်ခုပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းသည် အက်စတွန်ဗီလာအသင်းနှင့် တစ်ဖက်လေးဂိုး စီသရေကျခဲ့သည့်ပွဲစဉ်ပြီးနောက် ယခုလို မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၀ ပွဲကစားအပြီးတွင် ရမှတ် ရှစ်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၈) တန်းဆင်းဇုန်နေရာတွင် ရပ်တည်ခဲ့သည်။

ထို့အပြင် မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ပွဲသာ အနိုင်ရယူထားပြီး နိုင်ပွဲအနည်းဆုံး အသင်းအဖြစ်လည်း ရပ်တည်ခဲ့သည်။ (အပေါ်ပုံ)(NGB)

ကော်နာဂယ်လာဂါ စပါးအသင်းတွင် ဆက်ရှိသွားမည်

လန်ဒန် နိုဝင်ဘာ ၁၀

ကွင်းလယ်ကစားသမား ကော်နာဂယ်လာဂါအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဟု စပါးအသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက စပါးအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ကော်နာဂယ်လာဂါသည် စပါးအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇ပွဲကစားပြီး သုံးဂိုး သွင်းယူကာခြေစွမ်းပြထားသည်။

စပါးအသင်းထုတ်ပြန်ချက်တွင် 'ကော်နာဂယ်လာဂါအသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမား ကောင်းတစ်ယောက်ပါ။သူကိုယ်တိုင်ကလည်း အသင်းမှာပျော်ရွှင်နေပါတယ်' ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)

0-0-0-0-0



မေဂျာလိဂ်ပြိုင်ပွဲ ရွှေဖိနပ်ဆုကို (၂)ရာသီဆက် မက်ဆီဆွတ်ခူး

ဝါရှင်တန် နိုဝင်ဘာ ၁၀

အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲ ရွှေဖိနပ်ဆုကို (၂) ရာသီဆက် ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် အင်တာမိုင်ယာမီအသင်းနှင့်အတူ မေဂျာလိဂ်ပွဲစဉ် ၃၁ပွဲကစားပြီး ၂၆ ဂိုးသွင်းယူကာ ယခုလို ရွှေဖိနပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ရွှေဖိနပ်ဆုကို (၂)ရာသီဆက် ရယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သလို၊ မေဂျာလိဂ်ပြိုင်ပွဲတွင် ရွှေဖိနပ်ဆုကို (၂)ကြိမ်မြောက်ရယူနိုင်သည့် ခြောက်ဦးမြောက်ကစားသမားလည်းဖြစ်လာခဲ့သည်။

မက်ဆီက 'ကျွန်တော် အခုလို ရွှေဖိနပ်ဆုကို ရယူနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ အပြင် အင်တာမိုင်ယာမီအသင်းနှင့် အတူ အောင်မြင်မှုတွေ ရယူသွားဦးမှာပါ' ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)



ဘာစီလိုနာအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

မက်ဒရစ် နိုဝင်ဘာ ၁၀

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ (အပေါ်ပုံ)

ဘာစီလိုနာအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၄၅မိနစ်နှင့် ၆၆မိနစ်တွင် လိုပက်ဇ်က သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၂ရက်တွင် ဗီလာရီးရဲလ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

ဘောလုံးသတင်းအတိုအထွာများ

* ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်ဟီလာအသင်းသည် လီဗာပူးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် နောက်ခံကစားသမား ဂျရမီဖရင်းပေါင်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

* ကွင်းလယ်ကစားသမား မီခေးလ်မီရီနို ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းမှ ထွက်ခွာသွားဖွယ်ရှိသည်။

(NGB)

ကော်နာကိုဒီ ဘောလုံးကစားသမားဘဝမှ အနားယူ



လန်ဒန် နိုဝင်ဘာ ၁၀

လီဗာပူးအသင်း နောက်ခံကစားသမားဟောင်း ကော်နာကိုဒီ ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လီဗာပူး၊ ဝုဖ်၊ အဲဗာတန်၊ လက်စတာစီးတီးစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများစွာလည်း ရယူနိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကော်နာကိုဒီက 'ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ အားပေးတဲ့ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်' ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

0-0-0-0-0

နျူအာ အရွတ်စုတ်ပြဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်

မြူးနစ် နိုဝင်ဘာ ၁၀

ဘိုင်ယန်မြူးနစ်အသင်း ဂိုးသမား နျူအာ ညာဘက်ခြေထောက် အရွတ်စုတ်ပြဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်ဖြစ်သည်။

အဆိုပါ ဂိုးသမားသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက မိန့်ဇ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (အပေါ်ယာပုံ)



ဂိုးသမား နျူအာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ ဂိုးသမား နျူအာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၁-၂၀၁၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၀၇ပွဲကစားပြီး လက်စွမ်းပြထားသည်။

(NGB)

ခရစ္စရစ်ချတ်စ်ကို ခေါ်ယူရန် အင်တာမီလန်အသင်းစီစဉ်

မီလန် နိုဝင်ဘာ ၁၀

အင်တာမီလန်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား ခရစ္စရစ်ချတ်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၅ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



နောက်ခံကစားသမား ခရစ္စရစ်ချတ်စ်ကိုယ်တိုင်ကလည်း ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားမည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ ခရစ္စရစ်ချတ်စ်ကို ခေါ်ယူသွားနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

0-0-0-0-0

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပြီး၍ ဓာတ်အားများ စတင်လွှတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်၊ ဒေသပို့ပြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး





မန္တလေး နိဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်နှင့်ပတ်ဝန်းကျင် ကျေးရွာများတွင် နယ်မြေတည်ငြိမ်အေးချမ်းလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်နေပြီဖြစ်ရာ ဌာနဆိုင်ရာရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိပြီး မြို့မိမြို့ဖ၊ ဒေသခံပြည်သူများ စိတ်အေးချမ်းမြေ့ရွာဖြင့် သွားလာနေထိုင်လျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးတို့သည် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိုးကုတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် သပိတ်ဝင် ဖောင်တော်ဦးမြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့် ပျက်စီးမှုများအား ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ဂေါပကအဖွဲ့နှင့်တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီးနောက် တာဝန်ရှိသူများမှ မိုးရွာသွန်းမှုများခြင်းကြောင့် ဖောင်တော်ဦးမြတ်စွာဘုရားရင်ပြင်တော်၊ ဘုရားစောင်းတန်းနှင့် ဓာတ်တော်တိုက်မြေထိန်း နံရံပျက်စီးမှုများ၊ ပြုပြင်ဆောင်ရွက်နေမှုအခြေအနေရှင်းလင်းတင်မူပြများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မိုးကုတ်မြို့ မြို့မရပ်ကွက်၊ ထင်းရှူးခြံရပ်ရှိ မင်္ဂလာတိုက် ဓမ္မရိပ်သာဖောင်တော်ဦးကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် မင်းတံတားရပ်၊ မဗိုးရိမဟိုက်သစ်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ မြို့နယ်ဩဝါဒါစရိယ ရေကန်တောင်ကျောင်း ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအာစရအမှူးပြုပြီး ဆရာတော်များအား ဖူးမြော်၍ ဩဝါဒများခံယူကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဌင်းနောက် မိုးကုတ်မြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ အထူးကု၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဂျမ်းကျင်နှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကားများပြောကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဆေးရုံတွင် ဘက်စုံအသုံးပြုနိုင်ရန်အတွက် အလှူငွေများ ပေးအပ်ပြီးနောက် ဆေးရုံအတွင်း လိုက်လံကြည့်ရှုကာ လူနာများကို အားပေးစကားများပြောကြား၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုးကုတ်မြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ဓာတ်အားပြတ်တောက်မှုများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပျက်စီးပျောက်ဆုံးမှုများ ဖြစ်ပေါ်ခဲ့ရပြီး ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်မှစ၍ တစ်မြို့လုံးဓာတ်အားပြတ်တောက်ခဲ့မှုအား လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ခဲ့ပြီး မိုးကုတ်မြို့နယ် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပြီးစီး၍ လျှပ်စစ်ဓာတ်အား လွှတ်ပေးခြင်းအခမ်းအနားသို့ရောက်ရှိကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဓာတ်အားခွဲရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က စက်ခလုတ်နှိပ်ကာ ဓာတ်အား စတင်လွှတ်ပေးခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အရာရှိများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင်နိုင်ငံတော်က လျှပ်စစ်ဓာတ်အားအမြန်ဆုံးပြန်လည်ရရှိအောင် ဆောင်ရွက်ပေးသည်နှင့်အညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ယနေ့တွင် လျှပ်စစ်ဓာတ်အားပြန်လည်၍ စတင်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ မိုးကုတ်မြို့နယ်အား ဓာတ်အားစနစ်မှ ဓာတ်အားမရရှိခင်ကာလ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၃၀ ရက်မှစတင်၍ မိုးကုတ်ရေအား လျှပ်စစ်စက်ရုံမှ တစ်နေ့လျှင် ၄ နာရီဖြင့် စတင်ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး စက်ကြွံခိုင်မှုနှင့် ရေရရှိမှုပေါ်မူတည်၍ ၂၄ နာရီထိ တိုးမြှင့်ဖြန့်ဖြူးပေးထားနိုင်ခဲ့ပါကြောင်း၊ ယခုဖွင့်လှစ်သည့် မိုးကုတ်(နန်းခွဲ)၊ မင်တံတားနှင့် ကျပ်ပြင်ဓာတ်အားခွဲရုံတို့မှတစ်ဆင့် စုစုပေါင်းထရန်စဖော်မာ (၅၆)လုံးတို့ဖြင့် လျှပ်စစ်မီးအသုံးပြုသူ(၉၉၉၈)ဦးတို့အား လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ မိုးကုတ်မြို့နယ်တွင် မြို့ပေါ်(၅)ရပ်ကွက်၊ ကျေးရွာပေါင်း (၁၃၁)ရွာရှိပြီး ၂၀၂၄ ခုနှစ် ဇွန်လမတိုင်မီတွင် ဓာတ်အားစနစ်မှ တစ်ဆင့် မီးသုံးသုစုစုပေါင်း (၃၀၉၃၅)ဦးရရှိကာ မီးလင်းပြီးကျေးရွာပေါင်း(၉၇)ရွာရှိပါကြောင်း၊ မီးလင်းရန်ကျန်ရှိ ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အား အမြန်ဆုံးဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပျက်စီးပျောက်ဆုံးမှုများ မဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားပြီး လျှပ်စစ်ဓာတ်အားအလေအလွင့်မရှိစေရန် မှန်ကန်ကောင်းမွန်စွာ အကျိုးရှိရှိအသုံးပြု၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ တက်ရောက်လာကြသည့် မြို့မိမြို့ဖများအား ရင်းနှီးစွာနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့သည်။

ဌင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် မြို့မရပ်ကွက်၊ ဗိုလ်ကုန်းရပ်ရှိ ပတ္တမြားမြေအားကစားခန်းမတွင် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားများပြောကြား၍ တိုင်းဒေသကြီး ဝန်ကြီးများက ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြ၍ နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သည့် ချီးမြှင့်ဒွေများနှင့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများထံပေးအပ်၍ တက်ရောက်လာကြသူများကို လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်းနှင့် တင်ပြမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ မန္တလေး(မန္တလေးတိုင်းဒေသကြီး)၏ နည်းပညာဟောပြောပွဲကျင်းပ



မန္တလေး နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး)၏ နည်းပညာဟောပြောပွဲကို နိုဝင်ဘာ ၉ ရက်နံနက်ပိုင်းက မန္တလေး၊ မဟာအောင်မြေမြို့နယ်ရှိ Hotel Hazel ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး)၏ ဥက္ကဋ္ဌ ဦးရွှေဇင်နှင့် အသင်းတာဝန်ရှိ သူများ၊ သက်ဆိုင်ရာနယ်ပယ်မှ ပညာရှင်များနှင့် အင်ဂျင်နီယာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးရွှေဇင်က အဖွင့်အမှာစကားပြောကြားရာတွင် "ကျွန်တော်တို့က RE/RSE/PE (Construction) လက်မှတ်များကို ရယူထားမယ့် အင်ဂျင်နီယာတွေအတွက် ကျွန်တော်တို့ကို အသင်းအဖွဲ့မှဖြစ်စေ၊ ပုဂ္ဂလိကမှဖြစ်စေ၊ အစိုးရဌာနမှဖြစ်စေ၊ Contract လုပ်ငန်းတွေ အပ်နှံလာရင် ကျွန်တော်တို့က Contract လုပ်ငန်းတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာတွင် မြေနေရာမှာရှိတဲ့ Soil Investigation တွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ သတ်မှတ်ထားတဲ့ဥပဒေ၊ လမ်းညွှန်ချက်အတိုင်း Test Pit တူးဖို့၊ Soil Investigation လုပ်ရမှာပါ။ အဲ့လိုလုပ်မယ်ဆိုရင် မန္တလေးမှာ စိတ်ချယုံကြည်ရတဲ့ ကုမ္ပဏီကိုအပ်ပြီးတော့ ရရှိလာတဲ့ Soil Result/ Report တွေကို Structure အင်ဂျင်နီယာနဲ့ တိုင်ပင်ပြီး Foundation အနက်နဲ့ အမျိုးအစားများကို ထွက်ချက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်က လူပ်ခတ်ခဲ့တဲ့ ငလျင်မှာ အားလုံးအတူတကွ လက်တွေ့ခံစားခဲ့ကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ Soil Investigation ဘာသာရပ်နဲ့ Structure ဘာသာရပ်တွေက အများကြီး အရေးပါလာပါတယ်။ လုပ်ငန်းခွင်မှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကို မိမိတို့အဆောက်အအုံကို ဆွဲပေးထားတဲ့ Structure Design အင်ဂျင်နီယာနဲ့လည်းကောင်း၊ ကျွန်တော်တို့အသင်းကြီးက အင်ဂျင်နီယာနဲ့သော်လည်းကောင်း အချိန်မရွေး၊ နေရာမရွေးမှာ ဆွေးနွေးတိုင်ပင်ပြီး မိမိတို့ အခက်အခဲကို ပိုင်းဝန်းဖြေရှင်းရမည်ဟု ပြောကြားခဲ့သည်။

ထို့နောက် "A Study of Urban Land Use Changes in Mandalay City" ခေါင်းစဉ်ဖြင့် ဦးကျော်ဆွေ(PE Construction) ကလည်းကောင်း၊ "Basic Structural Design Concept" ခေါင်းစဉ်ဖြင့် ဦးမျိုးထက်ကျော်(PE Structure) ကလည်းကောင်း၊ "Key to Successful Industrial Well" ခေါင်းစဉ်ဖြင့် ဦးတင်မင်း(Engineering Geology) ကလည်းကောင်း၊ "Soil Mechanics & Geotechnical Engineering" ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်အောင်စိုးက လည်းကောင်း စသည်ဖြင့် ပညာရှင်အသီးသီးက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် အင်ဂျင်နီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)



ရွှေဘိုပေါ်ဆန်း စိုက်ပျိုးတောင်သူများ တွက်ခြေကိုက်

ရွှေဘို နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုနယ်ထွက် ရွှေဘိုပေါ်ဆန်းစပါးကို စိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် စီးပွားရေးတွက်ခြေ ကိုက်မှုရှိကြောင်း စိုက်ပျိုးတောင်သူများထံမှ သိရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ဈေးကွက်များသို့ တင်ပို့ရောင်းချနေရသည့် ရွှေဘိုပေါ်ဆန်းစပါးကို တစ်နှစ်လျှင် တစ်ကြိမ်သာ စိုက်ပျိုးကြပြီး ဝါဆိုလတွင် စိုက်ပျိုးကာ တန်ဆောင်မုန်းလနှင့် နတ်တော်လတို့တွင် ရိတ်သိမ်းကြသည်။

ရွှေဘိုပေါ်ဆန်းစပါးဈေးနှုန်းမှာ အရည်အသွေးအလိုက် တင်း ၁၀၀ လျှင် ငွေကျပ် ၆၄ သိန်းမှ ၆၇ သိန်းအထိ ရှိသည်။ ရိတ်သိမ်းပြီးစတွင် စပါးအသစ် တင်း ၁၀၀ ကို ငွေကျပ် ၃၅ သိန်းဖြင့် စတင်ရောင်းချရသော်လည်း ၁၀ လခန့် သိုလှောင်ထားနိုင်ပါက စပါးအဟောင်းဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ငွေကျပ်သိန်း ၃၀ ခန့်အထိ မြင့်တက်လာကြောင်း တောင်သူများက ပြောသည်။

ရွှေဘိုပေါ်ဆန်းဆန်သည် ဆန်သားနုခြင်းနှင့် အနံ့မွှေးခြင်းတို့ကြောင့် လူကြိုက်များပြီး လက်ရှိဈေးကွက်တွင် အနိမ့်စား ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀၊ အမြင့်စားဆန်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ နှင့် ထူးထူးရှယ် အိုးဝင်ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ ဈေးရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) ရွှေမန်း

MFU-GUI Future Leaders Scholarship Summit 2026 ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတကာပညာသင်ကြားရေး အခွင့်အလမ်းများနှင့် ပညာသင်ဆုအစီအစဉ်များကို မိတ်ဆက်ပေးသည့် MFU – GUI Future Leaders Scholarship Summit 2026 ကို နိုဝင်ဘာ ၉ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါပွဲကို ထိုင်းနိုင်ငံ၊ ချင်းရိုင်းမြို့ရှိ Mae Fah Luang University (MFU) ESihf GUI Scholarship Hub တို့ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတကာတက္ကသိုလ်များတွင် ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများကို သိရှိလေ့လာနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပွဲတွင် MFU ၌ တက်ရောက်သင်ကြားနိုင်မည့် ပညာရေးအစီအစဉ်များ၊ Scholarship အမျိုးအစားများ၊ ဝင်ခွင့်လျှောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ၊ Application Documents နှင့် Visa Preparation ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းမျှဝေပေးခဲ့သည်။

ထို့ပြင် တက္ကသိုလ်ကျောင်းဝင်းအတွင်း နေထိုင်သင်ကြားရမည့် Campus Life အတွေ့အကြုံများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ပံ့ပိုးကူညီပေးမည့် လုပ်ငန်းစဉ်များနှင့် GUI ၏ NextGen Scholarship Program အကြောင်းကိုလည်း မိတ်ဆက်ဆွေးနွေးခဲ့ကြသည်။

NextGen Scholarship Program သည် ပညာသင်ကြားရေးအခွင့် အလမ်းများအပြင် ကျောင်းတက်နေစဉ် လုပ်ငန်းခွင်အတွေ့အကြုံနှင့် Project လုပ်ငန်းများတွင် ပါဝင်ခွင့်ရရှိစေရန် ရည်ရွယ်ထားသည့် အစီအစဉ်တစ်ခုဖြစ်ပြီး လူငယ်များ၏ ပညာရေးနှင့် အနာဂတ်အလုပ်အကိုင် လမ်းကြောင်းအတွက် အထောက်အကူပြုနိုင်ရန် ဖော်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

o-o-o-o-o-o

နိဝင်ဘာ ၉ ရက် မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင် မိုးထစ်ချန်းရွာနိုင်

မန္တလေး နိုဝင်ဘာ ၁၀

နိဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ တစ်ပတ်တာကာလအတွင်း မန္တလေးတိုင်းဒေသကြီး အပါအဝင် တိုင်းနှင့်ပြည်နယ်အများစုတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချန်းရွာနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားသည်။

အဆိုပါ ကာလအတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့အပြင် ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အနေဖြင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၈၂ မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။ ကျန်တိုင်းဒေသကြီးများ၊ ကချင်၊ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၈၂ မှ ၁၀၁ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်၊ ကယား နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပြီး ကျန်တိုင်းဒေသကြီးများ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

ထို့အပြင် လေထုစိုထိုင်းဆမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ မှ ၈၀ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပြီး ကျန်ဒေသများတွင် ၈၁ မှ ၉၁ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပဲ့နှုန်းအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၃ မှ ၂၁ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေး မိုးလေဝသဌာနခွဲ၏ ထုတ်ပြန်ချက်အရ သိရသည်။

(အောက်ပုံ)

ရွှေမန်း



ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ (ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီး၀ါ)လုံး၀ ဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အလင်းဖြန့်ဝေတဲ့ စာပေသုတမျှဝေပွဲနှင့် စာအုပ်လျှူဒါန်းပွဲ

ကျွန်တော်တို့အဖွဲ့ အမရပူရမြို့နယ်၊ ဟသံကျေးရွာအုပ်စု၊ မြောက်လက်သမားကျောင်းတိုက် အမှတ်(၃) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ရောက်တော့ မွန်းလွဲ ၁၂ နာရီခွဲခန့်ရှိပြီ။ ကျွန်တော်တို့ အမရပူရ စာရေးဆရာများကို ''ယဉ်ကျေးလိမ္မာရေးနှင့် စာပေဗဟုသုတအသိပညာပေး''ဟောပြောပွဲ ဖိတ်ကြားထားလို့ အဆိုပါကျောင်းလေးသို့ ရောက်လာခြင်းဖြစ်သည်။

ကျောင်းဝင်းက ကျယ်ဝန်း၍ အရိပ်အာဝါသကောင်းပြီး အာရုံစိုသုံးထပ်ကျောင်းဖြစ်သည်။ ကျောင်းဆောင်ကြီး၏မျက်နှာစာရှေ့က တစ်ထပ်တိုက်လေးသည် 'ဝိသာခါ'ကျောင်းတွင်းစာကြည့်တိုက်လေးဖြစ်သည်။ ကျွန်တော်က ဟောပြောပွဲမစခင် ကျောင်းတိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုလိုက်သည်။ ဟောပြောပွဲက မွန်းလွဲ ၁ နာရီတိတိမှာ စတင်မည်ဖြစ်သည်။ ဟောပြောပွဲ မစခင် ကျောင်းသား၊ ကျောင်းသူများက ဟောပြောမည့် သုံးထပ်ကျောင်းဆောင်သစ်ကြီးအောက်ထပ်တွင် အတန်းလိုက် စနစ်တကျနေရာယူပြီးဖြစ်သည်။ ကလေးများ၏ဘေးတစ်ဖက်တစ်ချက်တွင် အတန်းပိုင် ဆရာမများက စောင့်နေကြသည်။ ထိုကျောင်းလေးတွင် ကျောင်းသားဦးရေ ၃၀၀ နီးပါးရှိသည်။ မွန်းလွဲ ၁ နာရီတွင် အခမ်းအနားစတင်ပြီး ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာဥာဏ(M.A)၊ သာသနဓဇမဂ္ဂာစရိယက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဟောပြောပွဲကျင်းပရခြင်းအကြောင်းကို မိန့်ကြားပြီး စာရေးဆရာ၊ ဆရာမများကို မိတ်ဆက်စကားပြောကြားခဲ့သည်။

စာပေသုတမျှဝေခြင်းအစီအစဉ်တွင် (စာချစ်သူ) ဝေမင်းသန့် (မန်ကျည်းဗုဒ်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကာ ဟောပြောကြမည့် စာရေးဆရာ၊ ဆရာမများကို တစ်ဦးချင်းစီ မိတ်ဆက်ပေးပါသည်။ ပထမဦးစွာ အမရပူရမြို့နယ်အရှေ့ ပန်းပဲကျောင်းမှ ကျောင်းထိုင်ဆရာတော် ရဟန်းစာဆို ဆရာတော်ကောင်းတေးသီက ''စာရေးဆရာဆိုသည်မှာနှင့် ဗုဒ္ဓဘာသာအစစ်''ခေါင်းစဉ်ဖြင့် ဟောပြောပါသည်။

ဆရာတော်ဟောပြောအပြီးတွင် ဒုတိယမြောက် ဟောပြောသူက ကျွန်တော်။ အခမ်းအနားမှူး ဝေမင်းသန့်(မန်ကျည်းဗုဒ်)က မိတ်ဆက်ပေးသည်။ ကျွန်တော် ဟောပြောမည့် ခေါင်းစဉ်က''ပုံပြင်ကပေးတဲ့ သင်ခန်းစာ''ဖြစ်သည်။ နာယက ကျောင်းအုပ်ဆရာတော်နှင့်တကွ ကျောင်းတိုက်ရှိ ရဟန်းသံဃာတော်များအား ဂါရဝပြုဦးခိုက်ကန်တော့လိုက်ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသားအပေါင်းအား ''မင်္ဂလာပါ''လို့ နှုတ်ခွန်းဆက်လိုက်ပါသည်။ အားလုံးက ''မင်္ဂလာပါ''လို့ သံပြိုင်အော်ကြပါသည်။ ပထမဦးစွာ မိမိကိုယ်ကို မိတ်ဆက်ရပါသည်။ ကလောင်နာမည်ဖြင့် မိတ်ဆက်ပြီး ဆောင်းပါး၊ ဝတ္ထု၊ အက်ဆေးနဲ့ ကဗျာတွေ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတွေမှာ ရေးသားကြောင်း၊ အဓိက ကဗျာရေးကြောင်း မိတ်ဆက်ပြောပါသည်။ ကျွန်တော်က ကလေးတွေကို ဟောပြောရာမှာ အမေး၊ အဖြေပုံစံနှင့်ဟောပြောပါသည်။ ကျောင်းသား၊ ကျောင်းသူတွေထဲ၌ ကိုရင်ငယ်လေးတွေလည်းပါသည်။

ဒီနေ့ ယဉ်ကျေးလိမ္မာ၊ ဗဟုသုတရစေရန် ဟောပြောမည့် ခေါင်းစဉ်က ''ပုံပြင်ကပေးတဲ့ သင်ခန်းစာ''ဖြစ်ပါသည်။ ပုံပြင်ကဗျာလက်ဆောင်ပေးပါမယ်။ သားတို့၊ သမီးတို့ ပုံပြင်ကြိုက်ကြလားလို့ မေးလိုက်တော့...အားလုံးက သံပြိုင် ''ကြိုက်ပါတယ်''လို့ အော်ကြပါသည်။

''ဆရာက ပုံပြောပြမှာ၊ ဆရာက ပုံပြင်ကဗျာလေးတစ်ပုဒ်ရေးထားတာကြာပြီ။ ''လူနှစ်ယောက်နှင့် မြည်းတစ်ကောင်''ဆိုတဲ့ ပုံပြင်ကို ကဗျာပြန်ရေးထားတာ။ အဲဒီကဗျာကို ဆရာရွတ်ဖတ်ပြမယ်။ ပုံပြင်တစ်ပုဒ်ပြောနေသလို နားထောင်ခံစားကြည့်ကြ။ ကဗျာခေါင်းစဉ်က ''ပုံပြင်ကပေးတဲ့ သင်ခန်းစာ''တဲ့။ ကျွန်တော်က...''ကဗျာခေါင်းစဉ်က ဘာတဲ့တုန်း''။ အားလုံးက ''ပုံပြင်ကပေးတဲ့ သင်ခန်းစာ''လို့ သံပြိုင်အော်ကြပါသည်။

ကဗျာရွတ်မပြခင် အရန်သင့်မိတ္တူကူးယူလာသည့် ကဗျာစာရွက်များကို အခမ်းအနားမှူး ဝေမင်းသန့်က ကလေးများကို လိုက်လံဝေငှသည်။ ကဗျာမရွတ်ခင် ''မြည်း''ဆိုတာ သားတို့၊ သမီးတို့သိကြလားဆိုပြီး ''မြည်း''သတ္တဝါအကြောင်းကို အရင်ရှင်းပြသည်။ ''မြည်း''ကို စာထဲမှာပဲတွေ့ဖူးပြီး မြို့ပေါ်က ကလေးတွေ မမြင်ဘူး၊ မတွေ့ဘူးကြတော့။ ''မြည်း''က ''မြင်း''မဟုတ်ဘူးနော်။ ''မြည်း''က ''မြင်း''လို မထွားကျိုင်းဘူး။ ပုပ္ပဲသေးသေးလေးတွေ။ အမွေးဖွားသည်။ ကမ္ဘာခေါင်မိုး တိဘက်နိုင်ငံလို၊ နီပေါနိုင်ငံတို့လို တောင်တက်၊ တောင်ဆင်းများတဲ့ နိုင်ငံတွေနဲ့ မြန်မာပြည် ချင်းတောင်တန်းလိုဒေသမျိုးတွေမှာ အသုံးပြုကြသည်။ ဝန်စည်စလှယ်တွေ သူတို့ကျောကုန်းပေါ်မှာတင်ပြီး သယ်ယူပို့ဆောင်ရန်အတွက် ''မြည်း''တွေကို အသုံးပြုကြသည်။ သူက ဝန်တင်ရုံသက်သက်ပဲ။

''ဒါဆို 'မြည်း'နဲ့ 'မြင်း'ကွဲပြီနော်။ ဒါဆို ကဗျာစရွတ်မယ်။ သားတို့၊ သမီးတို့ သေသေချာချာ ခံစားပြီး နားထောင်ကြည့်ကြနော်''လို့ ကျွန်တော်က ပြောပြီး ကဗျာကို တစ်ပိုဒ်ချင်း ရွတ်ပြ၍ ကလေးများကို လိုက်ဆိုစေပါသည်။ သူတို့လက်ထဲတွင် ကဗျာစာရွက်တွေ ဝေငှထားလို့ လိုက်ဆိုကြပါသည်။

ကျွန်တော်ရွတ်ပြတဲ့ ကဗျာလေးကို အောက်မှာ တစ်ပုဒ်လုံး ဖော်ပြလိုက်ပါသည်-

''ပုံပြင်ကပေးတဲ့ သင်ခန်းစာ''

* လူနှစ်ဦး
တစ်ဦးသူမှာ၊ 'မြည်း'ငှားလာသူ
ကျန်တစ်ဦးလျှင်၊ 'မြည်း'ပိုင်ရှင်...။

* မြည်းရှင် မြည်းငှား
ငှားခင်ဗျကြေး၊ အပေးအယူ
ညီတူညီမျှ၊ ဖလှယ်လိုက်ကြသတဲ့...။

* ထိုသည့်နေ့မှာ
လွန်စွာပူပြင်း၊ နွေနေခင်းမို့
အရိပ်ကင်းပ၊ ပူပြင်းစွာ...။

* လူနှစ်ဦးမှာ
နေပူဒဏ်မှ၊ အရိပ်ရရန်
မြည်းမှအရိပ်
ချွေးသိပ်ခိုနားလိုကြသတဲ့...။

* မြည်းအရိပ်မှာ
တစ်ဦးစာသာ
နားခိုရာရ၊ အဝေမမျှ...။

* (မြည်းငှား)...
''သင်၏မြည်းအား
ကျွန်ုပ်ငှား၍
မြည်းအရိပ်ဟာ
ကျွန်ုပ်သာပိုင်
သင်နှင့်မဆိုင်''...။

* (မြည်းရှင်)...
''သင်ငှားသည်မှာ
မြည်းကိုသာ
မြည်းအရိပ်ဟာ၊ မဆိုင်ပါ''...။

* မြည်းငှားသူနှင့်...
မြည်းပိုင်သူတို့...
လူနှစ်ဦးကား၊ စကားများ၍
ခိုက်ရန်ဒေါသ၊ ရန်ဖြစ်ကြ...။

* ရန်ဖြစ်ကြစဉ်...
မြည်းကိုဝင်တိုက်၊ ထိုအခိုက်...
တိုက်မိမြည်းမှာ၊ ကြောက်လန့်စွာနှင့်
ထွက်ခွာအဝေး၊ အားသွန်ပြေးတော့
တွေးတောစရာ၊ ငါ...တို့မှာ
သင်ခန်းစာတစ်ခု ရလိုက်တယ်။ ။

ပြည့်ဖြိုးသီ

ဒီကဗျာလေးက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှစ်ပတ်လည် မဂ္ဂဇင်း(၂၀၁၉)ခုနှစ်က ဖော်ပြခံရတဲ့ ကဗျာလေးပါ။

''ဒီပုံပြင်ကဗျာလေး နားထောင်ပြီးတော့ သားတို့၊ သမီးတို့ ဘာတွေးတောစရာရလိုက်သလဲ။ ဘာသင်ခန်းစာရလိုက်သလဲ။ ဆရာက မေးခွန်းထုတ်မယ်၊ သားတို့၊ သမီးတို့ နားလည်သလို တစ်ယောက်ချင်း ထဖြေကြည့်စမ်းပါ။ သားတို့၊ သမီးတို့ ထဖြေပြီးရင် ဆရာဖြေပေးပါ့မယ်''

ကျွန်တော်ကပြောတော့ ကျောင်းသား၊ ကျောင်းသူများက တစ်ဦးချင်း''မည်သူတက်ကြလို့''၊ ''ရန်ဖြစ်ကြလို့''စတဲ့ သူတို့အမြင်လေးတွေကို အသီးသီး ထပြောကြပါသည်။

ကျွန်တော်က ''သားတို့၊ သမီးတို့ပြောတာမှန်ပါတယ်။ ဒီပုံပြင်ကဗျာလေးရေးရတဲ့ရည်ရွယ်ချက်နဲ့ (၁) ပေးချင်တဲ့သင်ခန်းစာက ခိုက်ရန်ဖြစ်ကြလို့၊ မသင့်မမြတ်ဖြစ်ကြလို့ နှစ်ဦးနှစ်ဖက်အကျိုးမရှိဘဲ မြည်းလည်းဆုံးရှုံး၊ အရိပ်ခိုစရာလည်းပျောက်ဆုံးသွားရတယ်။ အဲဒါသင်ခန်းစာယူရပါမယ်။ (၂) စည်းလုံးညီညွတ်ပြီး တစ်ဦးနဲ့တစ်ဦး ရန်လိုအမုန်းမပွားရန် ချစ်ခင်စွာ သင့်မြတ်ပေါင်းစည်းရန် ရည်ရွယ်ပြီး ဒီပုံပြင်ကဗျာလေးကို ရေးဖွဲ့ခြင်းဖြစ်ပါသည်။''

ကိုရင်နဲ့ ကျောင်းသား၊ ကျောင်းသူများကို ရှင်းပြပြီး...''သားတို့၊ သမီးတို့ စာဖတ်ကြပါ။ ကျန်းမာ၊ ချမ်းသာ၊ ပညာတတ်ကြီးတွေဖြစ်ကြပါစေ...၊ အားလုံးကို ကျေးဇူးတင်ပါတယ်...'' ကျွန်တော်က ဆုတောင်းပေးပြီး ဟောပြောမှုကို နိဂုံးချုပ်လိုက်ပါသည်။

ကျွန်တော့်ဟောပြောမှုအစီအစဉ်ပြီးတော့ ဆရာလူပြာထက်က သူရေးထားတဲ့ ''ခရေပန်း''ကဗျာကိုရွတ်ဆိုပြီး ဟောပြောပါသည်။ ထိုနောက် ကဗျာဆရာမ အမရပူရကြည်ပြာက ''ကောက်ရလျှင် ပြန်ပေးပါ''လူငယ်ပညာပေးပုံဝတ္ထုလေး ဟောပြောပြီး ဆရာကောင်းတေးသီ၏ ကဗျာစာအုပ်မှ ''ကကွက်မျိုးစုံ''(သံပေါက်) ကဗျာကို အသံနေ အသံထားနဲ့ ရွတ်ဆိုခဲ့ပါသည်။

ဆရာမ စောဥမ္မာမြင့်(ဖြူ)က ကလေးများနှင့်အတူ ယဉ်ကျေးလိမ္မာကလေးသီချင်းဖြင့် ကလေးများနှင့် သံပြိုင်သီဆိုသွားတာကြည်နူးဖို့ကောင်းပါသည်။ သူမ၏ဘဝအစ ခြေတစ်လှမ်း၊ ကဗျာတစ်ပုဒ်''ကို ရွတ်ဆိုပြီး ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ ၂၁ ဦးမှ သူတို့၏ ရင်ထဲက ရည်မှန်းချက်၊ ရင်တွင်းစကားများကို တစ်ဦးချင်းစီ ပြောကြားကြခြင်းနှင့် ထိုကျောင်းသား၊ ကျောင်းသူများကို လက်ဆောင်စာအုပ်များ၊ ဗလာစာအုပ်၊ မှတ်စုစာအုပ်၊ ဘောလ်ပင်များကို ဆုအဖြစ် ချီးမြှင့်ခဲ့ပါသည်။

ဒီဆုပေးတဲ့အစီအစဉ်တွင် ကျွန်တော်တို့ စာရေးဆရာများနှင့်အတူပါလာသည့် ''မိုးကောင်းကင်စာပေ''မှ ဆရာ ကိုတင်မိုးတို့ ဇနီးမောင်နှံက ပါဝင်ဆောင်ရွက်ပြီး ဆုများချီးမြှင့်ခဲ့ပါသည်။

ရဟန်းစာဆို ဆရာတော်ကောင်းတေးသီကလည်း အမှတ်(၃) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို နာယကကျောင်းအုပ်ဆရာတော်ကို လှူဒါန်းခဲ့ပါသည်။

ကျွန်တော်တို့ဟောပြောကြသည့် ဆရာ၊ ဆရာမများကိုလည်း အမှတ်(၃)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာမဒေါ်မမ၊ ဒေါ်သန်းသန်းစိုး၊ ဒေါ်ရွှေနှင့် ဆရာမများက တစ်ဦးချင်းစီကို လက်ဆောင်များ ပေးအပ်ခဲ့ပါသည်။

ကျောင်းတွင်း ဝိသာခါစာကြည့်တိုက်ထဲကိုလည်း ဝင်ရောက်ကြည့်ရှုကြပြီး ကျွန်တော်တို့ အမရပူရ စာရေးဆရာ၊ ဆရာမများက ယူဆောင်လာကြသည့် စာအုပ်၊ စာစောင်များကို လှူဒါန်းကြရာ နာယက ကျောင်းအုပ်ဆရာတော်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ညနေ ၄ နာရီတွင် စာပေပညာမျှဝေပွဲ အခမ်းအနားနှင့် စာအုပ်၊ စာစောင်လှူဒါန်းပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

ပြည့်ဖြိုးသီ

အင်္ဂလိပ်စာနှင့် သချာ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့်သချာ် စွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အ-ထ-က(၁)ကျောင်းတွင် ကျင်းပခဲ့သည်။

ထိုသို့ ကျိုင်းတုံမြို့နယ်အဆင့် Grade-5 မှ Grade-9 အထိ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၇၆ ဦးနှင့် သချာ်စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ၈၆ ဦး၊ စုစုပေါင်း ၁၆၂ ဦး ပါဝင်ယှဉ်ပြိုင်နေမှုအား မြို့နယ်ပညာရေးမှူး ဒေါ်လွင်လွင်နိုင်က အနီးကပ်ကြီးကြပ်၍ ကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ၊ အခန်းစောင့်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး အတွက် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)**

မြို့နယ်(ပြန်/ဆက်)





(Youth Club) ဖြင့် လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်များ စာဖတ်ဝိုင်းဆွေးနွေးခြင်းအားဖြင့် အသိပညာဗဟုတများ ရရှိလာစေရန်ရည်ရွယ်၍ (Youth Club) ဖြင့် လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က လူငယ်များ အနေဖြင့် စာပေဖတ်ရှုတတ်သည့် အလေ့အကျင့်အကောင်းများ ရရှိလာစေရန်၊ စာဖတ်ဝိုင်းမှ အသိပညာဗဟုတများ တစ်ဦးနှင့် တစ်ဦး ဖလှယ်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် လူငယ်စာဖတ်ဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာရေးဆရာဖေမြင့် ရေးသားသည့် 'ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း' စာအုပ်ဖြင့် စာဖတ်ဝိုင်းမှ လူငယ်တစ်ဦးက ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာသည့် စာဖတ်ဝိုင်းမှ လူငယ်များနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ဟိန်းပြည့်စေ့(ရမည်းသင်း)

စဉ့်ကိုင်မြို့နယ်၌ မူလတန်းအဆင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲ ကျင်းပ

စဉ့်ကိုင် နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ 'အာကာသအိပ်မက်' ခေါင်းစဉ်ဖြင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက အ-ထ-က (စဉ့်ကိုင်)၌ ကျင်းပခဲ့သည်။

အဆိုပါ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၄၇ ဦး၊ ပိုစတာ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသူ နှစ်ဦး၊ ကာတွန်းပြိုင်ပွဲတွင် ကျောင်းသူတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာ ၁၀ ရက်တွင် အလယ်တန်းအဆင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲတွင် 'အသုံးချလေ့လာ အာကာသနည်းပညာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ကျော်စွာ(စဉ့်ကိုင်)





တစ်မိုးနှောင်း၍ ဆောင်းရောက်တော့မည်

* မိုးအမျှန်ဆင် ရပ်ရွာစွင်က
ဟန်ပြင်မှိုင်းမို့ ဆိုင်းဆိုင်းညို၍
ဝိုင်းလို့မာန်ဆင် ရွာရန်ပြင်သည်
ပလွင်ဆေးမိုး လာတော့မည်။

* စိုက်ပင်စိုက်သား စိမ်းလဲ့ထွား၍
ယိမ်းနွဲ့အားအင် ကွင်းလုံးရှင်သည်
စည်ပင်ခိုင်ဖြိုး မြို့မြိုင်သီးလျက်
ကောက်ကြီးကောက်သား ဝင်တော့မည်။

* ဝါလကင်းလွတ် သီတင်းကျွတ်သော်
နှင်းဆွတ်ပျံသင်း ခဲဝင်းတို့
သီးကင်းပြိုင်ကာ တင့်ဆန်းစွာဖြင့်
ပွင့်ဝါဝါတို့ လိုင်ချေပြီ။

* မြောက်လေကပြန် တောင်လေဆန်၍
မိုးကျွန်မိုးကြွင်း ဆီးနှင်းလုကာ
ရာသီလည်းပြောင်း တစ်မိုးနှောင်းပြီ
ဆောင်းလ ရောက်လာတော့မည်လေ ။ ။

မောင်ချစ်ဝေ(ဒေမာမြေ)

လူငယ်ရေးရာ အသိပညာပေးဟောပြော

မူဆယ် နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီ က ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားခဲ့ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးက လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ကျောင်းအတွက် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူဆယ်ခရိုင်ရုံး ဦးစီးအရာရှိ ဦးသန်းဇော်ဦးက လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူးအကြောင်း၊ ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက သတင်းမီဒီယာအချက်အလက် သိရှိနားလည်မှုနှင့် သတင်းမှန်၊ သတင်းမှား ခွဲခြားခြင်းအကြောင်း ဟောပြောခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူငယ်ရေးရာ နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထိမ်းအမှတ်ပန်းချီပြိုင်ပွဲ ဆုရပန်းချီကားများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀



မင်္ဂလာသက်တမ်း(၅၆)နှစ်မြောက်အထိမ်းအမှတ်ဇီဝိတဒါနသံဃာ့ဆေးရုံနှင့် မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေများ လှူဒါန်း

မန္တလေး၊ နိုဝင်ဘာ ၁၀

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းနေ ဆရာကြီး ဦးတင်မောင်+ဆရာမကြီး ဒေါ်ခင်မြမြ(သူဌေးမှန်းကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ မင်္ဂလာသက်တမ်း(၅၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီများသို့ ငွေလှူဒါန်းပွဲကို နိုဝင်ဘာ ၈ရက် နံနက်၉ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆရာကြီး ဦးတင်မောင်+ဒေါ်ခင်မြမြ မိသားစုက ဆရာတော်၊သံဃာတော်များအား(၅၆)နှစ်မြောက် မင်္ဂလာဆွမ်းအမှတ်အနေ ဆွမ်းဆက်ကပ်သည်။

ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတစ်နေ့တာ ဆွမ်းအတွက် ငွေကျပ် ၁၂ သိန်း၊ (၁၅)ကြိမ်မြောက် မဟာကထိန်တော်အတွက် ငွေကျပ် ၁၀ သိန်း၊ မန္တလေးတက္ကသိုလ်ကန်တော့ခံဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေကျပ်သိန်း ၂၀ ၊ ဓာတုဗေဒဌာနအငြိမ်းစားဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၅၂ သိန်း လှူဒါန်းရာတာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသော ဧည့်သည်များအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)





အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သော ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မမ္မရက္ခိတာရန်းသိုက္ကောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆရာတော်အား သာသနာတော်ရေးဆိုင်ရာ အခမ်းအနာဖြင့် ပင့်ဆောင်ခြင်းနှင့် ထူးမခြားနားဘုန်းတော်ကွဲသီချင်းဖြင့် သီဆိုပူဇော်ပြီး အခမ်းအနားကို ဆရာတော်ကြီးများ ဦးဆောင်၍ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့်ဇနီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်ကို နာကြားကြည်ညိုခဲ့သည်။

ထို့နောက် အံတော်ရှင်တော်၊ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တ ကေတုမာလာအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ဂုဏာဝိသိဋ္ဌပူဇောမဂ်လာအခမ်းအနားကို နိဝင်ဘာ ၈ရက် နံနက်ပိုင်းက မမ္မရက္ခိတာ ထန်းသိုက္ကောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆက်လက်၍ ဘဒ္ဒန္တ ကေတုမာလာအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ဂုဏာဝိသိဋ္ဌပူဇောမဂ်လာအခမ်းအနားကို နိဝင်ဘာ ၈ရက် နံနက်ပိုင်းက မမ္မရက္ခိတာ ထန်းသိုက္ကောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆက်လက်၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်လက်မှတ်နှင့် ဘွဲ့တံဆိပ်အဆောင်အယောင်များအား ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့်ဇနီးတို့က ထပ်ဆင့်ဂုဏ်ပြုဆက်ကပ်ခဲ့ကာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အလှူရှင်များနှင့် ဧည့်ပရိသတ်များက ဆရာတော်နှင့် ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသီးသီးဆက်ကပ်ပူဇော်ခဲ့ကြပြီး ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

မန္တလေး၊ နိုဝင်ဘာ ၁၀

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက် ရတနာကောသဘုရားတွင် ရတနာဘုမ္မိအရှေ့ရပ်ကွက်လုံး ဆိုင်ရာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို နိုဝင်ဘာ ၇ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ တိကွဏ္ဍိယာဘိဝံသမ ကြွရောက်၍ ပဋ္ဌာန်းဒေသနာတော်ကောင်းခြင်းတို့အား ဟောပြော၍ တရားနာပရိသတ်များမှ ငါးပါးသီလဆောက်တည်ပြီး အောင်စည်အောင်မောင်း(၉)ကြိမ်တီးကာ အောင်ပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ပဋ္ဌာန်းအောင်ပွဲအား မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်စိုးနှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများက ဆရာတော်ဟောကြားသည့် တရားတော်များနာယူ၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများကို ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြကုန်သော သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

o-o-o-o-o-o

လုပ်ငန်းခွင်အသုံးချ အခြေခံဓာတ်ပုံပညာနှင့် ဒီဒီယိုရိုက်ကူးတည်းဖြတ်ခြင်းဆိုင်ရာ နည်းစနစ်သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲ ကျင်းပ

ပုသိမ်ကြီး၊ နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ အုပ်ချုပ်ရေးစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)တွင် လုပ်ငန်းခွင်အသုံးချအခြေခံဓာတ်ပုံပညာနှင့် ဗွီဒီယိုရိုက်ကူးတည်းဖြတ်ခြင်းဆိုင်ရာ နည်းစနစ်သင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက အဆိုပါ(ရုံးချုပ်)ရှိ စန္ဒကူးခန်းမ၌ ကျင်းပရာ အုပ်ချုပ်ရေးစိမ်းလန်းစိုပြည်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ချုပ် ဦးကျော်ဇေယျ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးထွန်းထွန်း၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ သင်တန်းအား မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(မန္တလေးရုံးခွဲ)မှ ထုတ်လုပ်ရေးမှူး ဒေါ်သိမ့်သိမ့်သူဝင်း၊

Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်

ကျိုင်းတုံ နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးစခန်းမှ သင်တန်းသားများအား အသိပညာဗဟုသုတများရရှိစေရန်အတွက် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ယမန်နေ့က ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

ထို့သို့ဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ခေါင်ဦးငြိမ်းသန့်နှင့် ဝန်ထမ်းများက မူးယစ်ဆေးဖြတ်ပြီးသူများ၊ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)မှ မူးယစ်ဆေးဖြတ်ပြီးသူများအား စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပြီး စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗဟုသုတများရရှိစေရန်နှင့် စာအုပ်၊ စာပေများကို ဖတ်ရှုနိုင်ရန် သုတ၊ ရသစာအုပ် ၁၅၀ ကို အခမဲ့ ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

မိုင်းဆတ်မြို့၌ မြို့နယ်ပညာရေးမှူးဖလား၊ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

မိုင်းဆတ် နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်၊ မြို့နယ်ပညာရေးမှူးဖလား၊ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက အောင်ဇေယျာဘုံစုံအားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းသတ်မှတ်နေရာများတွင် နေရာယူပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး မြို့နယ်ပညာရေးမှူး ဦးအေးသီခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအမိန့်ဌာန်ရွတ်ဆိုကြပြီး မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းမှ ထွက်ခွာကြပြီး အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်)၊အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ လ(၁)၊အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ လ(၂)မှ ဘင်ခရာအဖွဲ့(၃)ဖွဲ့နှင့် ပန်းဖွားအဖွဲ့များက အာရုံမြန်မာသီချင်းဖြင့် တီးမှုတ်ကပြဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ အဖွင့်ပွဲစဉ်တွင် အသက်(၁၈)နှစ်အောက် (ကျား)ဘောလုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်)နှင့် M-3 Stars အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)က တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါမြို့နယ်ပညာရေးမှူးဖလား အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ အောင်ဇေယျာဘုံစုံအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး မိုင်းဆတ်မြို့နယ်အတွင်းမှ အခြေခံပညာကျောင်း(၉၆)ကျောင်းမှ အားကစားဝါသနာရှင်ကျောင်းသား၊ ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် အားကစားအမျိုးအစားများမှာ ဘောလုံး၊ အပြေး(မီတာ-၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀၊ ၃၀၀၀)၊ အခုန်(အလျားခုန်၊အမြင့်ခုန်)၊ သုံးဆင့်ခုန်)၊ အပစ်(သံလုံးပစ်၊ သံပြားပစ်၊ လုံတံပစ်)တို့ဖြစ်ကြောင်း သိရသည်။



(အောက်ပုံ)

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

SMART Village စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



အောင်လံ နိုဝင်ဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်း (SMART Village) စီမံကိန်းဖြင့် မအူခဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ စစ်ဆေးရာတွင် အောင်လံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာများသည် မအူခဲကျေးရွာတွင် အရှည် ပေ ၅၀၀၊ အကျယ် ၁၂ပေ၊ ထူ ခြောက်လက်မရှိ ဘက်စုံသုံးခန်းမဆောင် အဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့အောင် စံချိန်စံညွှန်းများနှင့်အညီ အရှိန်မမြင့်ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို SMART Village စီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ် ၁၄၉ သိန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၁၅၁ သိန်း အသုံးပြု၍ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မောင်စိုင်

o-o-o-o-o

စလေမြို့မှ ထူးဆန်းသော 'မဲ' ဘုရားကြီး



စလေမြို့ဟုဆိုလိုက်လျှင် အစေ့မပါ နာမည်ကျော် စလေမြို့ ဆီးသီးထွက်ရှိရာမြို့လေးအဖြစ် လူသိများပါသည်။ သဘာဝ စလေဆီးဖျော်ရည်နှင့် ဆီးပြား၊ ဆီးတော်ဖိ၊ ဆီးချဉ်စပ်ယိုစုံများကို စလေသို့ လာရောက်ပါက အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားလေ့ရှိသည်။ စလေမြို့လေးသည် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နှင့် ၁၂မိုင်ခန့်ဝေးသော ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိပြီး ပုလဲဓာတ်မြေဩဇာထွက်ရှိရာ စလေဓာတ်မြေဩဇာစက်ရုံ တည်ရှိရာမြို့ဖြစ်သည်။

အရပ်လေးမျက်နှာ၌ စေတီဘုရားများကို ဖူးမြော်နိုင်ပါသည်။ စလေမြို့သည် ရှေးပညာရှိ စာဆိုတော်ကြီး ဦးပုည၏ မွေးဖွားရာဇာတိဖြစ်သဖြင့် ဦးပုည၏မြို့တော်ဟုလည်း တင်စားခေါ်ဝေါ်ကြပါသည်။ ဒုတိယပုဂံဟူသော ဆိုရိုးစကားနှင့်အညီ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး သထုံပြည်မှ ပင့်ဆောင်လာသော ဝိဋ္ဌကတ်သုံးပုံတင်ဆောင်ယူရာ၌ ပြာသာဒ်တော်ချက်ရပ်နားရာတွင် ပြာသာဒ်လှဘုရား၊ ဆင်တပ်ကြီး မြင်းတပ်ကြီး ရပ်နားရာနေရာတို့တွင် ဆင်ခေါင်းဘုရား၊ မြင်းခုံတိုင်ဘုရား ရှင်ဘုရင်စာကြိုဘုရား၊ နန်းတော်ဦးဘုရား၊ မြစေတီဘုရား၊ အောက်ရွေစည်းခုံဘုရား စသည်ဖြင့် များပြားစွာသော ဘုရားစေတီတို့တည်ထားကိုးကွယ်ရာ သာသနာ့နယ်မြေ စလေမြို့ဖြစ်သည်။

ထိုသို့သော ဘုရားများစွာထဲမှ အင်မတန်အလွန်ထင်ရှားသော ကမ္ဘာတွင်အကြီးမားဆုံး ယွန်းဘုရား ရှင်ပင်မဟာလာဘ 'မဲ' ဘုရားကြီးသည် ဧရာဝတီမြစ်ထဲမှောပါလာရာ ဧရာဝတီမြစ်ကမ်းဘေးရှိ မြို့ရွာများမှ ပူဇော်ဖူးမြော်လို၍ ဆယ်ယူကြသော်လည်း မည်သူမျှ ဆယ်ယူ၍ မရခဲ့။

ဧရာဝတီမြစ်ထဲတွင် ဘယ်မြို့ဘယ်ရွာကစ၍ မျောလာမှန်း စုံစမ်းမရ။ စလေမြို့အင်းထဲသို့ ဝင်ရောက်လာချိန်တွင် မြို့သူ၊ မြို့သားများက လှေများစုပေါင်း၍ ဝိုင်းဝန်းကြိုးစား ဆယ်ယူပူဇော်ထားခဲ့ကြသည်။ ထို 'မဲ' ဘုရားကြီးကို ဝါးများဖြင့် ဆန့်ကောဆန့်ခါရက်လုပ်သကဲ့သို့ ရက်လုပ်ထားသော်လည်း မျက်လုံးတော်၊ မျက်ခုံးတော်၊ လက်သည်းတော်မှအစ တိတိပပ အတိအကျအစွန်းအစမှ ထွက်ရှိမနေဘဲ ရက်လုပ်ထားသည်ဖြစ်ရာ လူတို့မစွမ်းဆောင်နိုင်၊ နတ်၊ ဗြဟ္မာတို့ ထွင်းထုပူဇော်ထားကြသည်ဟု ယုံကြည်ပူဇော်ကြသည်။ ဥာဏ်တော်အမြင့်မှာ ကိုးပေရှိပြီး စစ်စည်းသုတ်လိမ်းပူဇော်ထားသဖြင့် ဧရာဝတီမြစ်ရေပြင်ပေါ်ပေါလောမျော နေနိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလွန်လက်ရာမြောက်ပြီး အနစိတ်လွန်းလှသဖြင့် နတ်၊ ဗြဟ္မာတို့ ဖန်တီးပူဇော်ထားသည်။ ဆုတောင်းတိုင်းပြည့်သဖြင့် မဟာလာဘ 'မဲ' ဘုရားကြီးဟု အမည်တွင်စေခဲ့သည်။

ဤထူးဆန်းသော 'မဲ' ဘုရားကြီးအား လာရောက်ဖူးမြော်ကြသော သုတေသနပညာရှင်များက များစွာအံ့သြဖြစ်ခဲ့ကြရသည်။ မြန်မာ့လက်ရာနှီး ဆန်ကောဆန့်ခါရက်သကဲ့သို့ အနုပညာမြောက်စွာ အံ့သြဘနန်းဖူးမြော်ကြည်ညိုကြသည်။ နိုင်ငံတကာ ဘုရားဖူးများက အံ့သြထူးဆန်းကြောင်း ပြောစမှတ်ပြုကြသည်။

ဤသို့သော ကမ္ဘာ့သမိုင်းဝင် နီးဘုရားကြီးတစ်ဆူအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုထားရသည့် ထူးဆန်းထင်ရှားသော တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော်ငြား အလှူရှင်တစ်ဦးမှ ဒစ်စကိုရွေများဖြင့် ပူဇော်လိုက်သောအခါ ယခုပုံပါအတိုင်း မြန်မာ့အနုပညာလက်ရာမှန်များဖုံးလွှမ်းသွားကာ သာမန် ရွှေချဘုရားတစ်ဆူကဲ့သို့ သာ တွေ့မြင်ဖူးမြော်ကြရတော့သည်။ မည်သည့်အရပ်မှမျောလာသည်ကိုလည်း မသိရှိကြ။ မည်သူထွင်းထုပူဇော်ထားသည်ကိုလည်း မသိရှိကြ။ မိုးပေါ်ကျ ထူးဆန်းသော နတ်၊ ဗြဟ္မာ ထွင်းသည့် နီးဘုရားကြီးသည် အဓိဋ္ဌာန်ပြု ဆုတောင်းပါက တောင်းသည့်ဆုများပြည့်ပြီး လာဘ်ပွင့်စေသော ရှင်ပင်မဟာလာဘ 'မဲ' ဘုရားကြီးအား စလေမြို့တွင် လာရောက်ဖူးမြော်နိုင်ပါသည်။

ခင်ဆွေလှိုင်(ပန်းချီ)

မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၉၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



မန္တလေး နိုဝင်ဘာ ၁၀

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၉၈) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလဆန်း ၁ ရက် နံနက် ၄ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်အား ဆွမ်း၊ ကြက်သားဟင်း၊ ငါးခြောက်၊ အသားတုကြော်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထုဇွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းအစုံ ၂၀ နှင့် နဝကမ္မဝတ္ထု ဇွေကျပ် ၂၀၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းနာယက လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမြင့် (PR)၊ ဒေါ်ခိုင်ဝေဖြိုး၊ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုဇော်(ပီတိသုခမိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစု၊ ကာဇာတိုင်းပြည်မိသားစုများ)၊ ဦးအောင်လှိုင်မြင့်+ဒေါ်သင်းသင်းဇော် မိသားစု၊ ဦးသာအေးနှင့် ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သား၊ သမီးမြေးတစ်စု၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးခိုနိုစီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား)မောင်ကျော်သက်ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်းတော်ဦး အမျိုးသမီးအဆောင်)မိသားစု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ(သမီး)မဝင်းမာလာကျော် (တိမ်လွှာ အလှပြင်ဆိုင်) မိသားစု၊ ဒေါ်သဇင်ဦး မိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေးစန်း (Unit Solar) မိသားစု၊ ဦးတူး+ဒေါ်အေးမြင့်မိသားစု၊ ဦးအားချန့်+ဒေါ်ကျန်းထုံး မိသားစု၊ ဦးဗိုလ်သန်းအား ရည်စူး၍ (မိခင်ကြီး) ဒေါ်ချိုချိုအား အမှူးထားကာ ဦးရဲလင်းမောင်+ဒေါ်ဟေမာသိန်း မိသားစု၊ မြို့သစ်(၁၈ရပ်ကွက်၊ လစဉ် ငါးပိငါးခြောက်ကြော် အလှူရှင် ဦးတင်လင်း+ဒေါ်ခိုင်ခိုင်ဝေဖြိုး(သမီး)မဝိုးရတီခေတ်၊ (မိခင်ကြီး) ဒေါ်နန်းမွေအား ရည်စူး၍ (ဖခင်ကြီး)ဦးသန်းထွန်းအား အမှူးထားကာ ဦးသက်မင်းထွန်း+မအိသီရိမင်း၊ မောင်ဟိန်းသန်ဇင်၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ လစဉ် ဆန်တစ်အိတ်၊ ဆီတစ်ပုံး အလှူရှင် ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦး+ဒေါ်ဌေးဌေးလွင် မိသားစု၊ ဦးခင်မောင်မြင့်+ဒေါ်တင်ထွေးရီ (တော်ဝင်နွယ် သက်နီးဆိုင်)မိသားစု၊ ရပ်ကွက်ပြည်သူများနှင့် ဘုံဆွမ်းလောင်း အသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၄၀)



ဒဿမအကြိမ်မြောက် မြစိမ်းရောင်စိမ်ကိန်းရန်ပုံငွေ ထုတ်ချေး

ကျောက်ဆည် နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လယ်ကြီးကျေးရွာ၌ မြစိမ်းရောင်စိမ်ကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒဿမအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင် ကျေးရွာစိမ်ကိန်းရန်ပုံငွေထုတ်ချေးရေးခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းတစ်ဦးက အတိုးအရင်း ပေးဆပ်ရန် ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံ ငွေကျပ် ၆၆၅ သိန်းကို လယ်ကြီးကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လယ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၄ ဦး၊ စုစုပေါင်း စီမံကိန်း အသင်းသူ၊ အသင်းသား ၁၆၄ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၆၆၅ သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်းလက်ဝယ် အရောက် ထုတ်ချေးပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

အထွေး(ကျေးလက်)

––*–*–*–*–*

ရမည်းသင်းမြို့နယ်၌ တတိယအကြိမ်မြောက် ရုံးစာရေးသားနည်းသင်တန်းဖွင့်လှစ်

ရမည်းသင်း နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား ရုံးလုပ်ငန်းပိုင်းဆိုင်ရာများတွင် ပိုမိုကျွမ်းကျင်စွာ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ တတိယအကြိမ်မြောက် ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်ခြင်းကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က ရုံးလုပ်ငန်းလက်စွဲစာအုပ်ထဲမှ ရုံးစာရေးသားနည်း၏ ရည်ရွယ်ချက်၊ ရုံးစာရေးသားရာတွင် အခြေခံရမည့်အချက်များ၊ ရုံးစာရေးသားနည်း အမျိုးအစားများ စသည့် အချက်အလက်များကို တက်ရောက်လာသည့် ဝန်ထမ်းများအား နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ နှစ်ရက်ကြာ စာတွေ့၊လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(အပေါ်ယာဝဲပုံ)

ဟိန်းပြည့်ဇော်(ရမည်းသင်း)



သန့်ရှင်းသာယာ
မန္တလာ
ဝိုင်းဝန်းထိန်းသိမ်းပါ။

မီးခိုးမြူလေထုညစ်ညမ်းမှု လျော့ချနိုင်ရေး သိကောင်းစရာများ အသိပညာပေး (Talk Show) ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၀

မန္တလေး၊ မဟာအောင်မြေမြို့နယ် (Community Centre) ခန်းမ၌ အယ်လ်နီညိုကာလ အတွင်း မီးခိုးမြူလေထုညစ်ညမ်းမှု လျော့ချနိုင်ရေး သိကောင်းစရာများ အသိပညာပေး(Talk Show) ကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး(Talk Show) တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အကြောင်းအရာများကို မေးမြန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆဒါလီဌေးက အယ်လ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနဲ့ အရှေ့ပိုင်းအီကွေတာအနီးရှိ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ ပုံမှန်ထက် မြင့်တက်လာပြီး ကမ္ဘာလေထုလည်ပတ်မှုနဲ့ မိုးရွာသွန်းမှုပုံစံတွေကို ပြောင်းလဲစေတဲ့ သဘာဝရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်ကြောင်း၊ ယခုဖြစ်စဉ်ကြောင့် ကမ္ဘာ့ဒေသတချို့မှာ အပူချိန်မြင့်တက်ပြီး မိုးခေါင်ရေရှားမှုတွေ ဖြစ်ပေါ်နိုင်သလို ဒေသတချို့မှာတော့ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲပြီး မိုးသည်းထန်စွာ ရွာသွန်းတာမျိုးလည်းဖြစ်နိုင်ကြောင်း၊အယ်လ်နီညိုဟာ သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပေမယ့် လူမှုစီးပွားရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်နဲ့ သဘာဝပတ်ဝန်းကျင်အပေါ် ကျယ်ပြန့်စွာ သက်ရောက်မှုရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

(အောက်ပုံ)

(၀၅၆)



ဝက်သက် - ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်



မြစ်သား နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြည်သူ့ကျန်းမာရေးဌာနမှ ဦးဆောင်၍ မြို့နယ်အတွင်းရှိ ကလေးငယ်များ ကျန်းမာသန်စွမ်းသောသူများ ဖြစ်လာစေရန်အတွက် အသက်ကိုးလမှ ၅၉လအတွင်းရှိ ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန ရုံးခန်းတွင် ထိုးနှံပေးခဲ့ရာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေအောင်စိုးက ဦးဆောင်ကာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက မြို့ပေါ်(၆)ရပ်ကွက်မှ ကလေးငယ် ၃၀၀ ဦးအား ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

––*–*–*–*–*

မိုးကောင်းမြို့နယ် လေးမိုင်ကျေးရွာတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော



မိုးကောင်း နိုဝင်ဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ မိုးကောင်းမြို့နယ် လေးမိုင်ကျေးရွာ၌ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(အမေါ်ပုံ)**

ထိုသို့ အသိပညာပေးဟောပြောပွဲကျင်းပရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းက အယ်လ်နီညိုရာသီဥတု ကျရောက်လာနိုင်သည့် အခြေအနေများအကြောင်း၊ အယ်လ်နီညိုရာသီဥတုကြောင့် အကျိုးသက်ရောက်နိုင်မှု အခြေအနေများ၊ အယ်လ်နီညိုရာသီဥတုမကျရောက်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်လုပ်ဆောင်ရမည့် အချက်များအကြောင်းကို သိရှိနိုင်စေရန် အသိပညာပေးပြောကြားခဲ့ပြီး ကျေးလက်ဦးစီးဌာနမှဖြန့်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဝန်ထမ်းများက ကျေးရွာလူထုထံသို့ ဖြန့်ဝေပေးကြသည်။

ထို့နောက် မိုးကောင်းမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဌာနဆိုင်ရာ အဖွဲ့အစည်းများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများထံသို့ အယ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ပြောပြ၍ သိရသည်။

ချစ်ဦးကို

ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ



သာသနာဝင်၊ သာသနာ့နွယ်ဝင်များအား UID ကတ်များ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး

ပခုက္ကူ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး၊ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်ရှိ ဆကြီးပန်ပရိယတ္တိစာသင်တိုက်ရှိ သာသနာဝင်၊ သာသနာ့နွယ်ဝင်များအား ယမန်နေ့နံနက်ပိုင်းက UID ကတ်များ အခမဲ့ကွင်းဆင်းဆောင်ရွက်ကြသည်။ **(အမေါ်ပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပခုက္ကူခရိုင် ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ထွန်းလှိုင်၏ ဦးဆောင်မှုဖြင့် မြို့နယ်ဦးစီးမှူး ဦးရဲအောင်နှင့်ဝန်ထမ်းများ၊ ခရိုင်သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့၊ ဆကြီးပန်ပရိယတ္တိစာသင်တိုက်ရှိ ရဟန်း ၄၆ ပါး၊ သာမဏေ ၁၄ ပါး၊ သီလရှင်လေးပါး စုစုပေါင်း ၆၄ ပါးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ Biometric စက်ဖြင့် ကိုယ်ရေးအချက်အလက်စစ်ဆေးခြင်း၊ UID ကတ်ပြုလုပ်ပေးခြင်းများ အခမဲ့ ကွင်းဆင်းဆောင်ရွက်ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်တာဝန်ရှိသူများက သာသနာ့ဝင်၊ သာသနာ့နွယ်ဝင်များထံ UID ကတ်များပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(၃၄၀)**

ကံမမြို့၌ ပလတ်စတစ်သုံးစွဲမှုလျော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုးစက္ကူအိတ်များ အခမဲ့ဖြန့်ဝေ

ကံမ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် လျော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာမြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုးစက္ကူအိတ်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇ နာရီက အဆိုပါ ဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှု လျော့ချရေး အသိပညာပေးပြုလုပ်ခြင်းကို အပါတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **(အမေါ်ပုံ)**

ကျော်စေယျဝင်း(ကံမ)

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းများ ဆောင်ရွက်

ဖြင်းဖြို နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ အသက်ကိုးလမှ ငါးနှစ်အထိ ကလေးငယ်များအား ဝက်သက်၊ဂျိုက်သိုးရောဂါကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းကို ယနေ့နံနက်ပိုင်းက စတင်၍ သတ်မှတ်ထားသော ကာကွယ်ဆေးထိုးနှံရေးနေရာများ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံခြင်းလုပ်ငန်းကို မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၁၄)ရပ်ကွက်နှင့် အမှတ်(၁၅)ရပ်ကွက်တို့တွင် ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်မှူး ဒေါက်တာ ဇင်မာသန်းထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုက်လံကြည့်ရှုခဲ့ကြသည်။

ဝက်သက်၊ ဂျိုက်သိုးရောဂါများသည် ကူးစက်မြန်ရောဂါများဖြစ်သည့်အတွက် ကလေးငယ်များ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုကို လျော့ချနိုင်ရန် ရည်ရွယ်၍ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းကို ရပ်ကွက်များအလိုက် ဆောင်ရွက်ခြင်းဖြစ်ပြီး မိဘအုပ်ထိန်းသူများအနေဖြင့် သတ်မှတ်ရက်များအတွင်း မိမိတို့၏ အသက် ကိုးလမှ ငါးနှစ်အထိ ကလေးငယ်များကို နီးစပ်ရာ ကာကွယ်ဆေးထိုးနှံရေးနေရာများသို့ ခေါ်ဆောင်၍ ကာကွယ်ဆေးထိုးနှံပေးကြရန် တိုက်တွန်းထားကြောင်း သိရသည်။ **(ဝဝုံ)**

(၃၆၆)

ညောင်ဦးမြို့နယ် မြစ်ရေတင်ဖြင့် မိုးစပါး ၁၅၄၄ ကေစိုက်ပျိုးပြီးဖြစ်

ညောင်ဦး နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မြစ်ရေတင်ဖြင့် မိုးစပါး ၁၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီထံက သိရသည်။ **(အောက်ပုံ)**

ညောင်ဦးမြို့နယ်၌ မိုးစပါး စိုက်ပျိုးခြင်းကို မြစ်ရေတင်စနစ်ဖြင့် မိုးစပါးစိုက်ပျိုးရန် မေလနှင့် ဇွန်လတို့တွင် စတင်ပျိုးထောင်ခဲ့ကြောင်း သဲဂုတ်လနောက်ဆုံးပတ်ကစတင်၍ ပျိုးပင်များ လယ်ကွင်းအတွင် ရွှေပြောင်းစိုက်ပျိုးခဲ့သည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးများ အထွက်နှုန်း ပုံမှန်ကောင်းမွန်ပြီး ရေပေးသွင်းခလည်း တန်လွန်းကြောင်း၊ မိုးစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀ လက်မအောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင် ရေသွင်းရကြောင်း တစ်ဧကသွင်းဈေးလည်း တန်လွန်းကြောင်း မိုးစပါးစိုက်တောင်သူများက ရှင်းပြသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧက ကောက်စိုက်သမ စိုက်ပျိုးခင်ကွေကျပ် ၅၅၀၀၀ ဖြင့် စိုက်ဧကပြတ် စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလာကြကြောင်း မိုးစပါးစိုက်တောင်သူများက ရှင်းပြ၍ သိရကာ ညောင်ဦးမြို့နယ်၌ မိုးစပါး ၁၅၅၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ငါးရောက်ဆိုလာမြစ်ရေတင်၊ လက်ပံခြေပေါ်ဆိုလာမြစ်ရေတင်၊ သူကောင်းတည်ဆိုလာမြစ်ရေတင်၊ မိုးကောင်းသောက် မုရင်းစပါး ၁၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဒီပါလင်း





ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ကျောက်ဆည် နိဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ရန်ကုန်-မန္တလေးကားလမ်းမြောက် ဆင်နှစ်ကောင်အနီးတွင် ယနေ့နံနက်ပိုင်းက အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကျောက်ဆည်)မှ ရဲအုပ်မိုးကျော်စိုးနှင့် တပ်ဖွဲ့ဝင်များက မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် သုံးဘီးမောင်းနှင်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။



အသိပညာပေးရာ၌ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များ လက်ယာဘက်ယာဉ်ကြောမှ ကပ်၍ မောင်းနှင်ရန်၊ မော်တော်ဆိုင်ကယ်မောင်းနှင်စဉ် ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းရန်၊ မော်တော်ဆိုင်ကယ်အား သုံးယောက်စီးခြင်းမပြုရန်၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်သက်သေခံလက်မှတ်တို့ပါရှိရန်၊ မီးပွိုင့်များတွင် မီးအချက်အပြများအား လိုက်နာရန် စသည့်အကြောင်းအရာများ အသိပညာပေးပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)



မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

မြို့သစ် နိဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရေပြည့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အောင်အောင်နှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် အတူ ရေပြည့်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် အတူ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

ကိုနိုင်(ကျေးလက်)

ဒွန်ဘုန်းခကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး

ဖားကန့်၊ နိဝင်ဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆိုင်းအောင်သည်ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဒွန်ဘုန်းခကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြို့နယ်ဦးစီးမှူးက ဒွန်ဘုန်းခကျေးရွာသည် ယခုဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်းအား ပုံမှန်အတိုင်းပြန်လည်လည်ပတ်နိုင်ရေး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာကော်မတီဝင်များက ပူးပေါင်းပါဝင် ကြိုးစား ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားကာ ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။**(ယာပုံ)**

အဆိုပါ ဒွန်ဘုန်းခကျေးရွာအုပ်စု၊ ဒွန်ဘုန်းခကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦး အား မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် ၄၉၈ သိန်းကျော်ဖြင့် စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဒိုးညွှန်း

၀-၀-၀-၀-၀



ပွင့်ဖြူမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ပွင့်ဖြူ နိဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီးပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ နိဝင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမတွင် စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ကျောင်းသား၊ ကျောင်းသူများ ဘက်စုံထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်လာစေရန် အားလပ်ချိန်များတွင် ကျောင်းစာအပြင် မိမိဘဝအတွက် အသိပညာဗဟုသုတရရှိစေမည့် သုတ၊ရသစာအုပ်စာစောင်များကို ဖတ်ရှုကြစေလိုကြောင်းနှင့် မိမိတို့ဌာနက ပြည်သူများ စာပေအသိပညာဗဟုသုတကြွယ်ဝစေရန် အသိပညာပေး ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးဟောပြောသည်။ **(အောက်ဝဲပုံ)**

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသပေးရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစ်စား လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ **(၄၄၅)**

